# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ တနင်္ဂနွေနေ့ (15-11-2015) (၈၃၈၅)


**ဗုဒ္ဓအလိုကျ အဆုံးအမတော်**

| | | |
|---|---|---|
| သဗ္ဗပါပဿ အကရဏံ | - | မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။ |
| ကုသလဿ ဥပသမ္ပဒါ | - | ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။ |
| သစိတ္တ ပရိယောဒပနံ | - | မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။ |
| | | (မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ) |
| ဧတံ ဗုဒ္ဓါန သာသနံ | - | ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။ |
| | | (ဓမ္မပဒ) |

# မဲဇလီ(၂) ရေထိန်းတံခါးစီမံကိန်းနှင့် ကုက္ကိုဝတံတားစီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြား

**ရန်ကုန် နိုဝင်ဘာ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ မဲဇလီ(၂) ရေထိန်းတံခါးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအုန်းမြင့်နှင့် ဦးရဲထွဋ်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်အောင်ကျော်ဇော၊ ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် တာဝန်ရှိသူများနှင့်အတူ မွန်းလွဲ ၁၂နာရီ ၁၅ မိနစ်တွင် မဲဇလီ(၂)ရေထိန်းတံခါး တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတအား စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီး ဦးခင်ဇော်က ပန်းလှိုင်မြစ် ပြန်လည်တူးဖော်ပြီးနောက် သဲနုန်းများပြန်လည်ပို့ချမှုမဖြစ်စေရန် ရေထိန်းတံခါးများ ဆက်လက်တည်ဆောက်နေမှု၊ ပန်းလှိုင်မြစ်နှင့် ဆက်စပ်သော မြစ်ချောင်းများ၏ အခြေအနေ၊ တည်ဆောက်လျက်ရှိသည့် မဲဇလီ(၂) ရေထိန်းတံခါးစီမံကိန်းဆိုင်ရာများ၊ အကြိုတည်ဆောက်ခြင်းလုပ်ငန်းများ၊ မြေကြီးတူးဖော်ခြင်း၊ အုတ်မြစ်လုပ်ငန်းများကို

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

**မဲဇလီရေထိန်းတံခါး၏ အကျိုးပြုဧရိယာမှာ ဧက ၄၀၀၀၀ ဖြစ်ပြီး ယခုအခါ စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ၂၀ ရာခိုင်နှုန်းပြီးစီးလျက်ရှိ။**





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ မဲဇလီ(၂) ရေထိန်းတံခါးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**ထူးခြားသည့် ညအပူချိန်များ**

[၁၄-၁၁-၂၀၁၅]

| | | |
|---|---|---|
| ဟားခါး | ၄ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၈ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၉ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၉ | ဒီဂရီစင်တီဂရိတ် |

# ၅၁ လမ်းကွန်ဒိုအိမ်ရာသစ်အတွင်း ယခင်တိုက်ခန်းနေပြည်သူများကို နေရာပြန်ချထားပေး

**ရန်ကုန် နိုဝင်ဘာ ၁၄**

အိမ်ရာများပြန်လည်ဖွံ့ဖြိုးရေးအစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပုဂ္ဂလိကကုမ္ပဏီနှစ်ခုတို့ အကျိုးတူပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောက်လုပ်ပြီးစီးခဲ့သော ကွန်ဒိုနှစ်လုံးတွင် ယခင်တိုက်ခန်းနေပြည်သူများအတွက် နေရာပြန်လည်ချထားပေးမှုကို ရန်ကုန်မြို့ ၅၁ လမ်းတွင် ယနေ့နံနက်က ပြုလုပ်ခဲ့သည်။

ဗိုလ်တထောင်မြို့နယ် ၅၁ လမ်း ကွန်ဒိုအိမ်ရာသစ်အတွင်း ခေတ်မီလုံခြုံရေးစနစ်တပ်ဆင်ထားသော ဓာတ်လှေကားများအပါအဝင် ကားပါကင်များ၊ ကလေးကစားကွင်းများ၊ ကာရာအိုကေခန်းများ၊ ကော်ဖီဆိုင်များ၊ ဘီလီယက်ခုံများ၊ အစည်းအဝေးခန်းများ၊ အားကစားလေ့ကျင့်ခန်းများ၊ အပန်းဖြေ ရေကန်ငယ်များနှင့် မျက်မမြင်အနှိပ်ခန်းများလည်းပါရှိသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က "ယခင်အဆောက်အအုံအဟောင်းဟာ ၅၈ နှစ်ခန့် သက်တမ်းကြာခဲ့တာမို့ အိမ်ရာများပြန်လည်ဖွံ့ဖြိုးရေးအစီအစဉ်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ကိုတင်ပြပြီး ခွင့်ပြုချက်ရယူကာ ပထမဦးဆုံးဆောင်ရွက်ခဲ့တဲ့ Pilot Project ဖြစ်ပါတယ်"ဟု ပြောကြားသည်။

**စာမျက်နှာ ၅ ကော်လံ ၄ သို့**




ဒေါ်နုနုလွင် (အထက်တန်းပြ)

**မျက်နှာလေးကနုနု၊ အသားအရည်ကလွင်လွင်...သဘာဝအသားဖြူသနပ်ခါးရဲ့ကျေးဇူးတွေပဲ**

ကျွန်မဟာ အထက်တန်းပြ ဆရာမတစ်ဦးဖြစ်ပါတယ်။ ကျွန်မမျက်နှာမှာ တင်းတိပ်များ၊ အမည်းစက်များရှိနေသောကြောင့် လုပ်ဖော်ကိုင်ဘက်တွေကြား မျက်နှာမဖော်ဝံ့အောင် ဖြစ်နေရပါတယ်။ တာဝန်ထမ်းဆောင်ချိန်ဆို ကျွန်မမျက်နှာကို မိတ်ကပ်ခြောက်များနဲ့ဖို့ရ လိမ်းရပေမယ့် ခဏကြာတော့ ချွေးတွေနဲ့မိတ်ကပ် ရောနှောပြီး အဆီပြန်လာတော့ မျက်နှာမှာရှိတဲ့ တင်းတိပ်တွေ၊ အမည်းစက်တွေဟာ အထင်းသား ပေါ်လာလို့ ကျွန်မအမြဲစိတ်ညစ်ရပါတယ်။ တစ်နေ့မှာ ကျွန်မရဲ့လုပ်ဖော်ကိုင်ဘက် ဆရာမတစ်ဦးက "ရွှေပြည်နန်း သဘာဝအသားဖြူသနပ်ခါး"ဗူးလေးကို လက်ဆောင်ပေးပါတယ်။ ကျွန်မလည်းဘာမိတ်ကပ်မှ အောက်ခံအဖြစ် မသုံးဘဲ ရွှေပြည်နန်းသနပ်ခါး တစ်မျိုးတည်းကိုပဲ ဆက်တိုက်လိမ်းလာခဲ့တာ (၁)လလောက်ကျ မျက်နှာပေါ်က တင်းတိပ်တွေ သိသိသာသာမှိန်ကျသွားပြီး (၃)လလောက်ကျတော့ အမည်းအစက်အပြောက်ကင်းစင်တဲ့ မျက်နှာလေးကို ပိုင်ဆိုင်ခွင့်ရခဲ့ပါတယ်။ ခုဆိုရင်ကျွန်မဟာ ဒေါ်နုနုလွင်ဆိုတဲ့နာမည်နဲ့လိုက်အောင် မျက်နှာလေးက နုနု၊ အသားအရေကလွင်လွင်လေးလို့ လုပ်ဖော်ကိုင်ဘက်များနဲ့ တပည့်များက ခေါ်ဆိုနေတာကိုပီတိဖြစ်နေရပါတယ်။ အဲဒါဟာ "ရွှေပြည်နန်းသဘာဝအသားဖြူသနပ်ခါး"ဗူးရဲ့ ကျေးဇူးပဲဆိုတာပြောပြချင်လို့ယခုလိုရေးသားရခြင်းဖြစ်ပါတယ်။ ရွှေပြည်နန်း ကုမ္ပဏီကြီး အောင်မြင်မှုသရဖူ အမြဲပိုင်ဆိုင်နိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

ဒေါ်နုနုလွင်(အထက်တန်းပြ) အ.ထ.က(၂) ဆိုက်ကလေးမြို့၊
ထပ်ဆင့်ထောက်ခံသူ ။ ။ ဒေါ်စင်မြလွင်(အထက်တန်းပြ) အ.ထ.က(၂) ဆိုက်ကလေးမြို့၊

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ တန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈(H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။)

ကြေးမုံ စာတည်း ရှုထောင့် **၁၅-၁၁-၂၀၁၅၊ တနင်္ဂနွေနေ့**

# ဆက်လက်သယ်ပိုးရွက်ဆောင်

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို နိုဝင်ဘာလ ၈ ရက်နေ့က အောင်မြင်စွာ ကျင်းပခဲ့ပြီး ယနေ့နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၂၃ နေရာအတွက် ၃၁၅ နေရာ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ နေရာအတွက် ၁၆၃ နေရာ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ၆၃၀ နေရာအတွက် ၆၁၂ နေရာနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ၂၉ နေရာအတွက် ၂၂ ဦး တို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် က ရွေးချယ်အတည်ပြုပေးနိုင်ခဲ့ပြီဖြစ်ရာ ရွေးကောက်ပွဲရလဒ် ၉၇ ရာခိုင်နှုန်း အသိပေးနိုင်ခဲ့ပေသည်။

အများပြည်သူတို့က ပြည်သူ့ကိုယ်စားလှယ်များအား ဆန္ဒမဲပေးရွေးချယ်ပေးခဲ့သည့်နေ့မှ ယနေ့အချိန်အထိ ရက်သတ္တတစ်ပတ်အတွင်း ရွေးကောက်ပွဲရလဒ်များကို ရာခိုင်နှုန်းပြည့်နီးပါး အောင်မြင်ပြီးစီးအောင် ဆောင်ကြဉ်းပေးခဲ့ပြီး ယခုရက်ပိုင်းအတွင်းမှာပင် ရွေးကောက်ပွဲရလဒ်များ ရာခိုင်နှုန်းပြည့်အောင်မြင်စွာပြီးစီးတော့မည်ဖြစ်သည်။ ထို့ကြောင့် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား မဲဆန္ဒရှင်ပြည်သူများအားလုံးနှင့်အတူ ပြည်သူ့ကိုယ်စားလှယ်အပေါင်းတို့က အသိအမှတ်ပြု ကျေးဇူးတင်ထိုက်ပေသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲရလဒ်များအား အများပြည်သူသိရှိမြင်သာစေရန်အတွက် နေပြည်တော်နှင့်ရန်ကုန်မြို့ နှစ်နေရာတွင် ရွေးကောက်ပွဲကော်မရှင်သတင်းအချက်အလက် မီဒီယာစင်တာ နှစ်ခုဖွင့်လှစ်ပေးပြီး နေ့စဉ်အချိန်ပိုင်းအလိုက် ရလဒ်များကို နိုဝင်ဘာလ ၁၅ ရက်နေ့အထိ ပွင့်လင်းမြင်သာစွာဖြင့် အသိပေးထုတ်ပြန်လျက်ရှိရာများ မကြာမီအချိန်တွင် ပြီးစီးတော့မည်ဖြစ်သည်။

ယခု ရွေးကောက်ပွဲတွင်လည်း တစ်နိုင်ငံလုံးအတိုင်းအတာအရ အချိန်ကြန့်ကြာလိမ့်မည်ဟု ဝေဖန်သုံးသပ်မှုအချို့ရှိခဲ့သော်လည်း ယခုကဲ့သို့တစ်ပတ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်သည့်အတွက် ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်အပေါ် အမှန်တကယ်အသိအမှတ်ပြုထိုက်ပေသည်။

ဆက်လက်၍လည်း အနိုင်ရသည့်လွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်ကိုယ်စားလှယ် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရန်စီစဉ်ထားပြီးဖြစ်သလို ရွေးကောက်ပွဲရလဒ်ကြေညာအပြီး ၄၅ ရက်အတွင်း ရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက်အစီရင်ခံစာကို ထုတ်ပြန်ပေးသွားမည်ဖြစ်၍ ပြည်သူအားလုံး ကျေနပ်နှစ်သက်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

လွှတ်တော်အသီးသီး၏ ဒုတိယသက်တမ်းအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို မြန်မာနိုင်ငံတစ်ဝန်းလုံး၌ တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့သဖြင့် ရွေးကောက်ပွဲများ ကျင်းပနိုင်ရန် တာဝန်ယူဆောင်ရွက်ခဲ့ကြသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်အဆင့်ဆင့်သောရွေးကောက်ပွဲကော်မရှင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ သက်ဆိုင်ရာပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ရွေးကောက်ပွဲအပေါ် စိတ်ဝင်တစားပါဝင်ခဲ့ကြသည့် နိုင်ငံသူ၊ နိုင်ငံသား အားလုံးတို့အား ကြေးမုံက ချီးကျူးဂုဏ်ပြုအသိအမှတ်ပြုအပ်ပါသည်။

ဤကဲ့သို့ ငြိမ်းငြိမ်းချမ်းချမ်းအောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့သောကြောင့် နိုင်ငံနှင့်ပြည်သူအတွက် ကောင်းမွန်သည့်အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာလိမ့်မည်ဟု ယုံကြည်ပါသည်။ ယခုဆောင်ရွက်ချက်များသည် နိုင်ငံ၏အနာဂတ်အလားအလာကောင်းများနှင့် တိုးတက်ပြောင်းလဲမှုဖြစ်စဉ်များဖြစ်ထွန်းလာရေးအတွက် ကနဦးခြေလှမ်းတစ်ရပ်သာ ဖြစ်သည်ဟု ရှုမြင်ပါသည်။

ရွေးကောက်ပွဲလွန်ကာလများ၌ နိုင်ငံတော်၏ရှေ့ခရီးကို ဆက်လက်ချီတက်ရာတွင် စိန်ခေါ်မှုများ အနည်းနှင့်အများဆိုသလို ရင်ဆိုင်ကြရဦးမည်ဖြစ်ရာ နိုင်ငံ့ခေါင်းဆောင်များ၏ အမျှော်အမြင်ရှိမှု၊ စိတ်ရှည်သည်းခံမှု၊ ပူးပေါင်းကူညီဆောင်ရွက်မှုများကိုရယူ၍ ရွေးချယ်ပေးလိုက်သောကိုယ်စားလှယ်များနှင့် ပြည်သူများလက်တွဲပြီး စည်းကမ်းရှိရှိ၊ တာဝန်သိသိဖြင့် ညီညီညွတ်ညွတ်လက်တွဲပူးပေါင်းကာ နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## မန္တလေးမြို့တွင် ရေဆိုး၊ မိလ္လာစနစ် မြှင့်တင်နိုင်ရန်နှင့် ရေကြီးမှုကာကွယ်နိုင်ရန် ADB က ဒေါ်လာသန်း ၆၀ ချေးရန်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

မန္တလေးမြို့တွင် မိုးရာသီကာလတွင် ဆိုးရွားစွာရေကြီးရေလျှံမှုဘေးမှ လျှော့ချကာကွယ်နိုင်ရန်နှင့် ရေဆိုး၊ မိလ္လာစနစ်များပိုမိုကောင်းမွန်ရေး သဘာဝဓာတ်ငွေ့သုံး ပထမဆုံးရေဆိုးသန့်စင်စက်ရုံတည်ဆောက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)က ချေးငွေအဖြစ် အမေရိကန်ဒေါ်လာ သန်း ၆၀ ထုတ်ချေးရန် အစီအစဉ်ရှိကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီအရာရှိတစ်ဦးက ပြောသည်။

မန္တလေးမြို့ တွင် ရေဆိုးသန့်စင်၊ မိလ္လာစနစ်မြှင့် တင်ရန်အတွက် ဆောင်ရွက်မှာဖြစ်သလို သဘာဝဓာတ်ငွေ့အသုံးပြု၍ လျှပ်စစ်စွမ်းအားဖြင့် ရေသန့်စင်စက်ရုံ တည်ဆောက်ရန် ADB က ထောက်ပံ့ မှာဖြစ်သည်ဟု ရေဆိုးသန့်စင်ဌာနမှ ဦးထွန်းဝင်းက နိုဝင်ဘာ ၁၃ ရက် တွင် ပြောသည်။

ယခု စီမံကိန်းအတွက် ADB ချေးငွေအပြင် ပြင်သစ်ဖွံ့ဖြိုးမှုအေဂျင်စီက အမေရိကန်ဒေါ်လာ ၄၆ သန်း၊ ဥရောပသမဂ္ဂအာရှရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအမေရိကန်ဒေါ်လာ ၆ ဒသမ ၈ သန်းနှင့် မြို့ပြရာသီဥတုသက်ရောက်မှုဒဏ်ကာကွယ်ရေးအတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၄ သန်း ပါဝင်မည်ဖြစ်ပြီး စီမံကိန်းကာလခုနစ်နှစ်ဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် ပြီးစီးရန် ခန့်မှန်းထားသည်။

လူဦးရေ ၂ သန်းနေထိုင်လျက်ရှိသော မန္တလေးမြို့တွင် လက်ရှိလူဦးရေ၏ ၅၅ ရာခိုင်နှုန်းသာလျှင် စည်ပင်မှ ရေပေးဝေမှုကို ရရှိနေဆဲဖြစ်သည်။

အာရှဖွံ့ဖြိုးရေးဘဏ်သည် အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများတွင် ပတ်ဝန်းကျင်မထိခိုက်ဘဲ ရေရှည်တည်တံ့စေမည့် ဖွံ့ဖြိုးရေးနှင့် ဒေသတွင်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဦးတည်ချက်ထားကာ အကောင်အထည် ဖော်လျက်ရှိသည်။ **(ဖိုးသန့်)**




## သစ်ကုန်ကြမ်းဈေးမြင့်လာမှုကြောင့် အလူမီနီယံပရိဘောဂပစ္စည်းများ အစားထိုးသုံးစွဲလာ

**ကောလင်း နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့တွင် သစ်များဖြင့်ပြုလုပ်သော ပရိဘောဂလုပ်ငန်းများကို နှစ်ကာလကြာမြင့်စွာ တွင်တွင်ကျယ်ကျယ် လုပ်ကိုင်လာကြရာမှ ယခုအခါ သစ်ကုန်ကြမ်းဝယ်ယူရာတွင် ခက်ခဲလာပြီး သစ်ကုန်ကြမ်းဈေးနှုန်းမြင့်မားလာမှုကြောင့် အလူမီနီယံပစ္စည်းများ အစားထိုး သုံးစွဲလာကြောင်း သိရသည်။

သစ်အစားထိုးအလူမီနီယံလုပ်ငန်းများကို ပြင်ဦးလွင် သုဝဏ္ဏရပ်ကွက်တွင် အဓိကလုပ်ကိုင်ကြရာ အလူမီနီယံနှင့် ပြုလုပ်သောပစ္စည်းများသည် လှပသေသပ်ခိုင်ခံ့အောင် လုပ်ကိုင်ကြသဖြင့် မြို့ပေါ်ရှိ ရွှေဆိုင်များ၊ ဆေးဆိုင်များ၊ စားသောက်ဆိုင်များ၊ စတိုးဆိုင်များ၊ မုန့်ဆိုင်များနှင့် အထည်ဆိုင်များက အော်ဒါမှာဝယ်ယူသုံးစွဲမှုကြောင့် မြို့ပေါ်အရောက်ပို့စနစ်ဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

အလူမီနီယံကောင်တာ ဘီးလုံးတပ်များကို သစ်သားဖရိန်ခံ၍ ပြုလုပ်ပေးခြင်းကြောင့် ကောင်တာ၏ ပစ္စည်းထည့် ဝန်များကို ပိုမိုခံနိုင်ပြီး ခွာနှင့်ပြုလုပ်သည့် ကောင်တာများမှာ အလူမီနီယံ ပိုက်ချောင်းအတွင်း သစ်သားထည့်၍ ပြုလုပ်ပေးခြင်းကြောင့် ရွှေ့ပြောင်းသယ်ဆောင်ရာတွင် တွန့်လိမ်ခြင်းမရှိသည့်အတွက် သုံးစွဲမှုများပြားလာကြောင်း အလူမီနီယံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

**(စိုင်းလူမင်း)**



## လူကုန်ကူးခံရသူများအား မိဘများထံ ပြန်လည်အပ်နှံ

**မြိတ် နိုဝင်ဘာ ၁၄**

အင်ဒိုနီးရှားနိုင်ငံ တရင်းပါကျွန်းတွင် လူကုန်ကူးခံရသူ မြန်မာရေလုပ်သား ၄၂ ဦးတွင် မြိတ်ခရိုင်အတွင်း နေထိုင်သူကိုးဦးပါဝင်ရာ ငါးဦးသည် နိုဝင်ဘာ ၁၃ ရက် နံနက် ၇ နာရီခွဲက မြန်မာ့အမျိုးသားလေကြောင်းလိုင်းဖြင့် မြိတ်လေဆိပ်သို့ ရောက်ရှိလာရာ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး မိဘများထံ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

လူကုန်ကူးခံရပြီး ပြန်လည်ရောက်ရှိလာသော ငါးဦးမှာ မြိတ်မြို့ အထက်ရေပုန်းရပ်ကွက်တွင်နေထိုင်သူ သုံးဦး၊ မြိတ်မြို့နယ် ပလုံးကျေးရွာတွင် နေထိုင်သူတစ်ဦးနှင့် ပုလောမြို့နယ် အမှတ်(၄)ရပ်ကွက်တွင်နေထိုင်သူ တစ်ဦးတို့ဖြစ်ပြီး မြိတ်လေဆိပ်ဧည့်ခန်းမဆောင်တွင် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေး၊ မြိတ်ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မော်မော်ဦး၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်(မြိတ်)မှ ဒုတိယရဲမှူး သက်ဦးနှင့် တာဝန်ရှိသူများက တွေ့ဆုံ၍ ၎င်းတို့၏ မိဘများထံ ပြန်လည်အပ်နှံပေးခဲ့ကြသည်။

လူကုန်ကူးခံရပြီး ပြန်လည်ရောက်ရှိလာသော ငါးဦးအပြင် ကျန်ရှိသောလေးဦးမှာ မြိတ်မြို့နယ်မှတစ်ဦး၊ ပုလောမြို့နယ်မှတစ်ဦး၊ ကျွန်းစုမြို့နယ်မှတစ်ဦးနှင့် ပလောက်မြို့မှ တစ်ဦးတို့ဖြစ်ကြပြီး ၎င်းတို့သည် နိုဝင်ဘာ ၁၄ ရက်တွင် မော်တော်ကားဖြင့် မြိတ်မြို့သို့ရောက်ရှိ၍ တာဝန်ရှိသူများက ၎င်းတို့၏မိဘများထံ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

**(ခိုင်ထူး)**

## မြင်းမူပြည်သူ့ဆေးရုံတိုးချဲ့လူနာဆောင်အား အရည်အသွေးစစ်ဆေး

**မြင်းမူ နိုဝင်ဘာ ၁၄**

ဆောက်လုပ်ပြီးစီးနေသည့် မြင်းမူမြို့ ပြည်သူ့ဆေးရုံတိုးချဲ့လူနာဆောင်အား လွှဲပြောင်းအပ်နှံနိုင်ရေးအတွက် နိုဝင်ဘာ ၁၃ ရက်က အရည်အသွေးစစ်ဆေးရေးကော်မတီမှ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ တိုးချဲ့ဆေးရုံသည် အလျား ၂၃၄ ပေ၊အနံ ၄၆ ပေ၊ အမြင့်၁၄ ပေရှိ ကွန်ကရစ်တစ်ထပ် အဆောက်အအုံဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံ ငွေကျပ်သိန်း ၁၀၀၀ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၂၀၀၀ စုစုပေါင်းငွေကျပ် သိန်း၃၀၀၀ဖြင့် ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။ **(၆၂၄)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုက္ကိုဝတံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**❒ မဲဇလီ(၂)မှ**

သံမဏိသံပြားတိုင်ရိုက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က ပန်းလှိုင်မြစ်ပြန်လည်တူးဖော်နိုင်ခဲ့မှုကြောင့် လယ်ယာနှင့် သားငါးကဏ္ဍများတွင် တိုးတက်လာမှုအခြေအနေနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေပေးဝေနိုင်မည့် အစီအမံတို့ကိုလည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဧရာဝတီမြစ်မှ စီးဝင်ရေကြောင့် သဲနုန်းပို့ချမှုကိုကာကွယ်ရန်၊ မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်နှင့် နွေစပါးစိုက်ပျိုးရေ ဖြန့်ဝေပေးနိုင်ရေး၊ ရေချိုသိုလှောင်နိုင်ရန်အတွက် မဲဇလီ(၂) ရေထိန်းတံခါးအပါအဝင် ရေထိန်းတံခါးများ ဆက်လက်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စီမံကိန်းရှင်းလင်းဆောင်ရှုရပ်မှ မဲဇလီ(၂) ရေထိန်းတံခါး လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပန်းလှိုင်မြစ်ဝရှုရပ်မှတစ်ဆင့် ပန်းလှိုင်မြစ်ကြောင်း ရေဝင်စီးဆင်းမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပန်းလှိုင်ရေထိန်းတံခါးသို့ ရောက်ရှိပြီး ညောင်တုန်းမြို့နယ် မိုးမခကျေးရွာအတွက် နွေစပါးစိုက်ပျိုးရေရရှိနိုင်ရန်နှင့် မြစ်ရေပြန်ကျချိန်တွင် ကွင်းရေပြန်ထုတ်ရန် ရည်ရွယ်၍ ၁၉၉၅ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်က ဖွင့်လှစ်ခဲ့သည့် ပန်းလှိုင်ရေထိန်းတံခါးတည်ဆောက်ထားရှိမှုနှင့် အကျိုးပြုဧရိယာ ၂၅၄၀၆ ဧကအတွက် ရေချိုထိန်းသိမ်းသိုလှောင်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယခုတည်ဆောက်လျက်ရှိသည့် မဲဇလီ(၂)ရေထိန်းတံခါးသည် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မဲဇလီ ရွာမကျေးရွာအနီး ပန်းလှိုင်မြစ်ဝမှ ပေ ၁၀၀၀ ခန့်အကွာတွင် တည်ရှိပြီး အရွယ်အစားမှာ Flap Gate ၆ ပေ × ၈ ပေ (၁၄) ပေါက်နှင့် Radial Gate ၁၅ ပေ ၆ လက်မ × ၁၀ ပေ ၆ လက်မ (၇)ပေါက်ဖြစ်ပြီး သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ ရေခေါ်မြောင်းအလျားမှာ ပေ ၆၀၀ နှင့် ရေထုတ်မြောင်းအလျားမှာ ပေ ၁၀၀၀ ရှိသည်။ မဲဇလီရေထိန်းတံခါး၏ အကျိုးပြုဧရိယာမှာ ဧက ၄၀၀၀၀ ဖြစ်ပြီး ယခုအခါ စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ၂၀ ရာခိုင်နှုန်းပြီးစီးလျက်ရှိပြီဖြစ်သည်။

အဆိုပါမဲဇလီ(၂)ရေထိန်းတံခါး တည်ဆောက်ရသည့် ရည်ရွယ်ချက်မှာ ပြန်လည်တူးဖော်ပြီးစီးသည့် ပန်းလှိုင်မြစ်အတွင်းသို့ သဲနုန်းဝင်ရောက်မှုမှ ကာကွယ်ရန်၊ မိုးရာသီတွင်ညောင်တုန်းကျွန်း၊ အရွဲကွင်း၊ တက်သစ်ကျွန်းတို့မှ ပိုလျှံရေများကို ထုတ်နုတ်ပေးမှုဖြင့် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်ရန်နှင့် နွေရာသီတွင် ပန်းလှိုင်မြစ်အတွင်း ရေချိုများ သိုလှောင်ထိန်းသိမ်းပြီး နွေစပါးများစိုက်ပျိုးရေပေးဝေနိုင်ရန်ဖြစ်၍ စီမံကိန်းပြီးစီးပါက ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာစေရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ထန်းတပင်-လမုတန်း-လှည်းဆိပ်လမ်းပေါ်ရှိ ကုက္ကိုဝတံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး စီမံကိန်းရှုရပ်မှ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းက တံတားစီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆက်စပ်ဒေသများ လွှမ်းခြုံတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ကုက္ကိုဝတံတားသည် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်ရှိ လှိုင်မြစ်ကို ဖြတ်သန်းတည်ဆောက်ထားပြီး ပင်မတံတားအရှည်မှာ ၂၂၇၈ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၅ ပေ နှစ်လမ်းသွားနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီဖြစ်ကာ ရေလမ်းကင်းလွတ်အကျယ် ၃၂၈ ပေနှင့် အမြင့် ၃၉ ပေ ဖြစ်သည်။ တံတားအမျိုးအစားမှာ အုတ်မြစ်၊ အောက်ထည်သံကူကွန်ကရစ်၊ အပေါ်ထည် Steel Plate Girder, Steel Truss နှင့် သံကူကွန်ကရစ်ကြမ်းခင်းအမျိုးအစားဖြစ်ပြီး ခွင့်ပြုယာဉ်အလေးချိန်မှာ ၇၅ တန် ဖြစ်သည်။ ကုက္ကိုဝတံတားစီမံကိန်းကို ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၅၆ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

အဆိုပါ တံတားပြီးစီးပါက ဧရာဝတီတိုင်းဒေသကြီးမှ လာရောက်ကြမည့် ခရီးသွားပြည်သူများသည် ရန်ကုန်မြို့ကို ရှောင်ကွင်းပြီး ပုသိမ်-ရန်ကုန်လမ်းမှ ရန်ကုန်-ထန်းတပင်လမ်း၊ ၎င်းမှ ကုက္ကိုဝတံတားကိုဖြတ်ကာ ရန်ကုန်-ပြည်လမ်းမကြီးအတိုင်း လမ်းတစ်လျှောက်မြို့များနှင့် ပြည်မြို့သို့ အချိန်တိုအတွင်း လျင်မြန်စွာ သွားလာနိုင်မည်ဖြစ်သည်။

ထို့ပြင် ကုက္ကိုဝတံတားကိုဖြတ်သန်းကာ လှည်းဆိပ်-လမုတန်း-ထန်းတပင်လမ်းမှသည် ဥတို-တောလတီ-အဖျောက်လမ်းမှ တိုက်ကြီးမြို့သို့ လွယ်ကူစွာ သွားလာနိုင်မည်ဖြစ်ရာ ၎င်းမှတစ်ဆင့် လမ်းတစ်လျှောက် မြို့များနှင့် ပြည်မြို့သို့ ဆက်လက်သွားလာနိုင်မည်ဖြစ်၍ လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာပြီး ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်ချောမွေ့လာမည်ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**





နိုင်ငံတော်သမ္မတဦးသိန်းစိန် ပန်းလှိုင်ရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ပြင်သစ်နိုင်ငံမြို့တော် ပါရီတွင် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွား

## အနည်းဆုံးလူ ၁၅၃ ဦးသေဆုံး၊ ၂၀၀ ကျော် ထိခိုက်ဒဏ်ရာရ



ပြင်သစ်နိုင်ငံပါရီမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူများနှင့် သေဆုံးသူများကို တွေ့ရစဉ်။

ပါရီ နိုဝင်ဘာ ၁၄

***ပြင်သစ်နိုင်ငံပါရီမြို့တော်တွင် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၁၅၃ ဦးသေဆုံးခဲ့ပြီး လူ ၂၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများအရ သိရသည်။ အကြမ်းဖက်တိုက်ခိုက်မှုများပြီးနောက် သမ္မတ ဖရန်ဆွာ ဟော်လန်က နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေကြေညာလိုက်ပြီဖြစ်သည်။***

နိုဝင်ဘာ ၁၃ ရက် ညပိုင်းတွင် အကြမ်းဖက်တိုက်ခိုက်ရေးသမားများက ပါရီမြို့တော်၏ လူသိများထင်ရှားသော ကပွဲရုံတစ်ခုဖြစ်သည့် 'ဘာတာကလန်' ကပွဲရုံအတွင်း စတိတ်ရှိုးပွဲတစ်ခုဖျော်ဖြေနေသည့်အချိန်တွင် ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ကပွဲရုံအတွင်း စတိတ်ရှိုးကြည့်နေကြသော ပရိသတ် ၁၅၀၀ ဝန်းကျင်ဆီသို့ သေနတ်များဖြင့် ဦးတည်ရာမဲ့ပစ်ခတ်ခဲ့ကြောင်း သိရသည်။ ထိုသို့ ပစ်ခတ်ပြီးနောက် ပြဇာတ်ရုံခန်းမအတွင်း ပရိသတ်များကို ဓားစာခံအဖြစ် ဖမ်းဆီးထားခဲ့သည်။ ပြဇာတ်ရုံအပြင်ဘက်တွင် ရဲအရာရှိများ ရောက်ရှိလာသည့်အချိန်တွင် အကြမ်းဖက်တိုက်ခိုက်ရေးသမားများက ၎င်းတို့ကိုယ်ပေါ်တွင် တပ်ဆင်ထားသော ဗုံးဆန်များကို အသေခံဖောက်ခွဲပစ်ခဲ့သည်။

နိုင်ငံတစ်ဝန်း အနည်းဆုံး နေရာခြောက်နေရာတွင် သေနတ်ပစ်ခတ်မှုများနှင့် အသေခံဗုံးခွဲမှုများ တစ်ချိန်တည်းမှာပင်ဖြစ်ပွားခဲ့သည်။ အကြမ်းဖက်သမားများက စားသောက်ဆိုင်များနှင့် ဘောလုံးကွင်းတစ်ခုကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။ ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့် အမျိုးသားအားကစားကွင်းတွင် ပြင်သစ်နှင့် ဂျာမနီဘောလုံးအသင်းတို့ ချစ်ကြည်ရေးယှဉ်ပြိုင်ကစားနေခဲ့သည်။ သမ္မတဟော်လန်သည် ယင်းပွဲစဉ်ကို လာရောက်ကြည့်ရှုအားပေးနေခဲ့ကြောင်း သိရသည်။



ပြင်သစ်နိုင်ငံပါရီမြို့ရှိ အမျိုးသားအားကစားကွင်းတွင် ပြင်သစ်နှင့် ဂျာမနီ ဘောလုံးအသင်းတို့ ချစ်ကြည်ရေးပွဲ ယှဉ်ပြိုင်ကစားနေစဉ် ဗုံးပေါက်ကွဲမှုများဖြစ်ပွားသဖြင့် ပွဲကြည့်ပရိသတ်များ ကွင်းအတွင်းသို့ ဆင်းပြေးနေကြစဉ်။

အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူ ၁၅၃ ဦး အနည်းဆုံးသေဆုံးခဲ့ရသည်။ ကပွဲရုံတိုက်ခိုက်မှုတွင် လူ ၇၈ ဦးကျော်သေဆုံးခဲ့ပြီး စားသောက်ဆိုင်တစ်ခုတွင် လူ ၁၈ ဦးအနည်းဆုံး သေဆုံးခဲ့ရသည်။ လူ ၂၀၀ ကျော် ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်ရေးသမား ရှစ်ဦးသေဆုံးခဲ့ရပြီး ယင်းတို့အနက် ခုနစ်ဦးသည် အသေခံဗုံးဖောက်ခွဲမှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်။ အဆိုပါအကြမ်းဖက်တိုက်ခိုက်ရေးဆင်နွှဲမှုများကို အဖွဲ့အစည်းတစ်ခုတည်းကသာ လုပ်ဆောင်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ရဲအရာရှိများက ဆိုသည်။

'ကလာရှန်နီကွဗ်စ်' ရိုင်ဖယ်သေနတ်ကဲ့သို့ အဆက်မပြတ်ပစ်ခတ်နိုင်သည့် သေနတ်တစ်မျိုးဖြင့် ၁၀ မိနစ်၊ ၁၅ မိနစ်ကြာ ပစ်ခတ်ခဲ့ကြောင်း ကဇာတ်ရုံအတွင်း ရောက်ရှိနေခဲ့သည့် ဥရောပရေဒီယို-၁ မှ သတင်းထောက်တစ်ဦးက ဘီဘီစီသတင်းဌာနသို့ပြောကြားခဲ့ကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံအတွင်း ပြင်သစ်အစိုးရ၏ လေကြောင်းတိုက်ခိုက်မှုများကို လက်တုံ့ပြန်ခြင်းဖြစ်သည်ဟု အဆိုပါ တိုက်ခိုက်ရေးသမားများက ကြွေးကြော်ခဲ့ကြကြောင်း အေအက်ဖ်ပီ သတင်းဌာနကဆိုသည်။

နိုဝင်ဘာ ၃၀ ရက်တွင်ကျင်းပမည့် ကုလသမဂ္ဂ ရာသီဥတု ပြောင်းလဲရေးဆိုင်ရာ အစည်းအဝေးပွဲ ကျင်းပရန် စစ်သား ၇၀၀၀ ခန့်ကို နိုင်ငံအတွင်း လုံခြုံရေးတင်းကျပ်စွာ ချမှတ်ထားသည့်ကာလတွင် ယင်းအကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများသည် အစဉ်အလာမရှိသော အကြမ်းဖက်မှုများဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေကြေညာလိုက်ပြီဖြစ်ကြောင်းနှင့် လုံခြုံရေးစစ်ဘက်အင်အား ၁၅၀၀ ကို ထပ်မံတိုးမြှင့်တာဝန်ပေးထားကြောင်း သမ္မတ ဟော်လန်က ရုပ်မြင်သံကြားမိန့်ခွန်းတစ်ရပ်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ယင်းအကြမ်းဖက်တိုက်ခိုက်မှုများသည် အိုင်အက်စ်စစ်သွေးကြွများ၏ လုပ်ရပ်ဖြစ်ကြောင်း အရေးပေါ်လုံခြုံရေးအစည်းအဝေးတစ်ရပ် ကျင်းပပြီးနောက် ပြင်သစ်သမ္မတ ဟော်လန်က မီဒီယာသို့ ပြောကြားခဲ့သည်။

အိုင်အက်စ်စစ်သွေးကြွများကလည်း နိုဝင်ဘာ ၁၄ ရက်တွင် ယင်းတို့အဖွဲ့အား ဆက်လက်တိုက်ခိုက်နေဦးမည်ဆိုပါက ပြင်သစ်နိုင်ငံအား မည်သို့လက်တုံ့ပြန်မည်ဆိုသည်ကို ခြိမ်းခြောက်ထားသည့် ရက်စွဲဖော်ပြထားခြင်းမရှိသည့် ဗီဒီယိုဖိုင်တစ်ခုကို ထုတ်လွှင့်ခဲ့သည်။ 'ဗုံးကြဲတာတွေကို မရပ်သေးရင် မင်းတို့လည်း အေးအေးချမ်းချမ်းနေရမှာမဟုတ်ဘူး' ဟု ယင်းဗီဒီယိုတွင် လူတစ်ဦးကပြောကြားခဲ့သည်။

ပါရီအကြမ်းဖက်တိုက်ခိုက်မှုသည် အိုင်အက်စ်တို့၏ လက်တုံ့ပြန်ခြင်းတစ်ရပ်ဖြစ်ကြောင်း အခိုင်အမာဖော်ပြရန် အဆိုပါဗီဒီယိုကို ထုတ်လွှင့်ပြသခြင်းဖြစ်နိုင်သည်ဟု ထင်မြင်ယူဆရသည်။

**အန်င်အိတ်ချ်ကေ။**

---



**တောင်တရုတ်ပင်လယ်အတွင်းကျွန်းတုများအနီးမှ အမေရိကန် ဗုံးကြဲလေယာဉ်နှစ်စင်း ပျံသန်းခဲ့**

**ဝါရှင်တန် နိုဝင်ဘာ ၁၄**

အမေရိကန် ဘီ-၅၂ မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ် နှစ်စင်းသည် ယခုရက်သတ္တပတ်အတွင်း တောင်တရုတ်ပင်လယ်ရှိ တရုတ်လုပ်ကျွန်းတုများ အနီးအပါးမှ ပျံသန်းခဲ့ကြောင်း၊ အဆိုပါ ဗုံးကြဲလေယာဉ်များကို တရုတ်လေကြောင်းထိန်းချုပ်ရေးမှူးများက ဆက်သွယ်ခဲ့သော်လည်း စစ်လေယာဉ်မှူးများက အမှုမထားဘဲ ဆက်လက်ပျံသန်းခဲ့ကြောင်း အမေရိကန် ကာကွယ်ရေးဌာနက နိုဝင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် အာရှ-ပစိဖိတ် ထိပ်သီးဆွေးနွေးပွဲနှင့် အမေရိကန်-အာဆီယံ ထိပ်သီးဆွေးနွေးပွဲ တက်ရောက်ရန် လာမည့်ရက်သတ္တပတ်တွင် ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံများသို့ သွားရောက်ရန် စီစဉ်ထားချိန်တွင် အမေရိကန် ဗုံးကြဲလေယာဉ်များ တရုတ်နိုင်ငံ၏ ကျွန်းတုများအနီးအပါးမှ ကင်းလှည့်ပျံသန်းခြင်းဖြစ်သည်။

တောင်တရုတ်ပင်လယ်အတွင်း ရေယာဉ်နှင့် လေယာဉ်များ လွတ်လပ်စွာ သွားလာနိုင်ရေးအတွက် လုံခြုံရေးအာမခံချက်ရှိစေရန် ကြိုးပမ်းမည်ဟု အမေရိကန်က ကတိကဝတ်ပြုထားပြီး တောင်တရုတ်ပင်လယ်အတွင်း ကင်းလှည့်စောင့်ကြပ်မှုများကို ပြုလုပ်လျက်ရှိကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားကြသည်။

တောင်တရုတ်ပင်လယ်ရှိနယ်မြေအများစုကို တရုတ်နိုင်ငံက ပိုင်ဆိုင်သည်ဟု ပြောကြားထားသည်။ ဗီယက်နမ်၊ မလေးရှား၊ ဘရူနိုင်း၊ ဖိလစ်ပိုင်နှင့် တရုတ်(တိုင်ပေ) တို့သည် တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံနှင့် ပိုင်နက်နယ်မြေဆိုင်ရာ အငြင်းပွားမှုများ ဖြစ်ပေါ်လျက်ရှိသည်။

**ရိုက်တာ။**

---

# အေပက် အစည်းအဝေးများ ကျင်းပရေး မြို့တော်မနီလာ၌ သန့်ရှင်းသာယာရေးဆောင်ရွက်

**မနီလာ နိုဝင်ဘာ ၁၄**

အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အေပက်) အစည်းအဝေးများကျင်းပမည့် ဖိလစ်ပိုင်နိုင်ငံ၌ လုံခြုံရေးအစီအမံများ ချမှတ်ဆောင်ရွက်နေပြီး မြို့တော်မနီလာရှိ ရိုပ်သာလမ်းမကြီးနှင့် ဆက်သွယ်ထားသောလမ်းများ သန့်ရှင်းသာယာရေးအတွက် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

နိုဝင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် အေပက်အစည်းအဝေးများသို့ အာရှနှင့်ပစိဖိတ်ဒေသနိုင်ငံများမှ နိုင်ငံ့အကြီးအကဲများနှင့် အထက်တန်းတာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်သည်။ အဖွဲ့ဝင် ၂၁ နိုင်ငံပါဝင်သော အေပက်အဖွဲ့၏ ထိပ်သီးဆွေးနွေးပွဲသို့ အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့အပါအဝင် ဒေသဆိုင်ရာနိုင်ငံများမှ အကြီးအကဲများ တက်ရောက်ကြမည်ဖြစ်သည်။

အေပက်အစည်းအဝေးကာလအတွင်း လုံခြုံမှု ကောင်းမွန်စေရန် ဖိလစ်ပိုင်ရေတပ်က မနီလာပင်လယ်အော်အတွင်း ကင်းလှည့်စောင့်ကြပ်ပေးလျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ **ရိုက်တာ။**



# ပုသိမ်မြို့ တန်ဆောင်တိုင် ကြတ္တိကာပွဲတော်နှင့် ဆီမီးတစ်သိန်းရေမျှောပွဲ-မြန်မာ့ရိုးရာ ဒုန်းလှေ၊ သမ္ဗန်ခတ်ပြိုင်ပွဲ ထည့်သွင်းကျင်းပမည်

**ပုသိမ် နိုဝင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ပုသိမ်မြို့ တန်ဆောင်တိုင် ကြတ္တိကာပွဲတော်နှင့် ဆီမီးတစ်သိန်းရေမျှောပွဲကို နိုဝင်ဘာ ၂၆ ရက်(၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်) နေဝင်ဆည်းဆာအချိန်၌ ပုသိမ်မြို့ မြို့တော်ခန်းမရှေ့ ရှုခင်းသာ ရင်ပြင်ဆိပ်ကမ်း ငဝန်မြစ်အတွင်း၌ ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပုသိမ်မြို့၌ ရှေးထုံးစဉ်လာအရ တန်ဆောင်တိုင်ပွဲတော် ကျင်းပလာခဲ့ရာက ၂၀၁၁ခုနှစ် ဧရာဝတီတိုင်းဒေသကြီး အစိုးရသစ်လက်ထက် ဝန်ကြီးချုပ် ဦးသိန်းအောင်၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ပုသိမ်မြို့တန်ဆောင်တိုင် ကြတ္တိကာ သဘင်ပွဲတော်ကို သမိုင်းတွင်စေမည့် ရှင်ဥပဂုတ္တမထေရ်ဖောင်တော်ကို ဆီမီးတစ်သိန်းရေမျှော ပူဇော်ပွဲ၊ စူဠာမဏိစေတီတော်အား မီးကျည်မီးပန်းများ ပစ်ဖောက်ပူဇော်ပွဲများနှင့် ဂိုဏ်ပေါင်းစုံသံဃာတော်များက သမညဖလသုတ် ရွတ်ဖတ်ပူဇော်ပွဲ၊ မသိုးသင်္ကန်းရက်ပွဲ၊ ဆေးပေါင်းခသည့် မဲဇလီသုတ်လှူဒါန်းပွဲ၊ မြန်မာ့ရိုးရာ ဒုန်းလှေ၊ သမ္ဗန်ခတ်ပြိုင်ပွဲများနှင့် တိုင်းရင်းသားပေါင်းစုံ အဆိုအကယိမ်းအဖွဲ့များ၊ ပုသိမ်တက္ကသိုလ်ပညာရေး ကောလိပ်တို့မှ ကျောင်းသူ ကျောင်းသားလေးများ၏ အဆိုအကများစုံလင်စွာ လှေကြီးလှေငယ်အသွယ်ဖြင့် ငဝန်မြစ်အတွင်းလိုက်ပါ၍ ဆီမီးမျှောပူဇော်ကြမည် ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပုသိမ်ဆိပ်ကမ်းတစ်လျှောက် ဌာနဆိုင်ရာများ၊ ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အလှူရှင်များက မြန်မာ့ရိုးရာမုန့်ပဲသရေစာများဖြင့် စတုဒိသာ ကျွေးမွေးလှူဒါန်းကြမည်ဖြစ်ကြောင်း သိရှိရသည်။ "၂၀၁၀ ခုနှစ်ပါတီစုံရွေးကောက်ပွဲမှာ အနိုင်ရရှိခဲ့လို့ နိုင်ငံတော်မှပေးအပ်တဲ့တာဝန်အရ ပြည်သူအကျိုးရရှိစေမည့် လုပ်ငန်းများဆောင်ရွက်ပေးခဲ့ရသလို တာဝန်ကုန်ဆုံးလို့ လက်ဆင့်ကမ်းပြောင်းလွှဲသွားတဲ့အခါမှာလည်း အမဲစက်မရှိအောင် သမိုင်းမော်ကွန်းတင်ရှိမည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ရလို့ လွန်စွာကျေနပ်ဝမ်းမြောက်ဝမ်းသာရှိခဲ့ကြောင်း"ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ရင်ဖွင့်စကားပြောကြားသည်။ **(ပုသိမ်လှကြည်)**



# သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသည့် နေအိမ်များအား ထောက်ပံ့ငွေပေးအပ်

**ညောင်တုန်း နိုဝင်ဘာ ၁၄**

၂၀၁၅ ခုနှစ် ဇွန်လမှ ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သော ရေကြီးရေလျှံ၊ မြေပြိုမှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များပြုပြင်နိုင်ရန် သီးသန့်လှူဒါန်းထားသည့် အလှူငွေများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် လုံးဝပျက်စီးသွားသော အိမ်တစ်လုံးလျှင် ကျပ် ၁၅၀၀၀၀၊ တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသော အိမ်တစ်လုံးလျှင် ကျပ် ၂၅၀၀၀ နှုန်းဖြင့်လည်းကောင်း ခွဲဝေထောက်ပံ့ပေးရာ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးသွားသော နေအိမ်များအား ခွဲဝေထောက်ပံ့ပေးအပ်ပွဲကို နိုဝင်ဘာ ၁၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အဆိုပါသဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော ရပ်ကွက်နှင့် ကျေးရွာအုပ်စုအချို့မှာ ရပ်ကွက်(၅)၊ အရွဲ၊ သဇင်ရေကျော်၊ ကျိန်ချောင်း၊ ကုက္ကိုဝ၊ စက္ကော့တောင်၊ ဗျောသလန်း၊ ဂန်ချောင်း၊ ကတုက္ကမ၊ မဲဇလီဒလ၊ ချောင်းကြီး၊ ဘုရားကုန်း၊ အောက်ဆယ်၊ အင်းမ၊ သပြုရေလယ်၊ ကျုံရစ်၊ စွန်တနီး၊ ဝဲဒေါင့်နှင့် ဆင်ထုံးကျေးရွာအုပ်စု ၁၉အုပ်စု၊ လုံးဝပျက်စီးသွားသော နေအိမ် ၈၁ လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးသွားသော နေအိမ် ၂၈၄ လုံး စုစုပေါင်း ၃၆၅ လုံးတို့အား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးက ကျေးရွာအုပ်စုအလိုက် အုပ်ချုပ်ရေးမှူးများသို့ ပေးအပ်လိုက်သည်။

ယနေ့ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော နေအိမ် ၃၆၅ လုံးအတွက် ခွဲဝေပံ့ပိုးပေးလိုက်သော ငွေပမာဏမှာ ကျပ် ၁၉၂၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။ **(၀၇၆)**



# အလုပ်အကိုင်အခွင့်အလမ်းများစွာပါဝင်သည့် မန္တလေးအလုပ်အကိုင်ပြပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၄**

မန္တလေးမြို့မှ အလုပ်ရှာနေသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်းများစွာပါဝင်သော မန္တလေး အလုပ်အကိုင်ပြပွဲ ၂၀၁၅ ကို နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီက စတင်ကာ မန္တလေးမြို့တော်ခန်းမတွင် ကျင်းပသည်။ CAREER & SUCCESS အလုပ်အကိုင်ဂျာနယ်က စီစဉ်ကာ နှစ်ရက်တာကျင်းပသည့် အဆိုပါ အလုပ်အကိုင်ပြပွဲတွင် ကုမ္ပဏီ ၂၀ ကျော်မှ ပါဝင်ပြသကြပြီး အလုပ်အကိုင်အခွင့်အလမ်း ၁၀၀၀ ခန့် စီစဉ်ပေးနိုင်မည်ဟု စီစဉ်သူများထံကသိရသည်။ အလုပ်အကိုင်ရှာဖွေနေကြသူများအတွက် ပြပွဲကာလအတွင်း လျှောက်လွှာတင်ကာ လုပ်ငန်းဘက်မှ လိုအပ်သော အရည်အချင်းနှင့်ပြည့်စုံပါက ပြပွဲတွင်ပင် အင်တာဗျူးခေါ်ယူကြောင်း သိရသည်။

"ပြပွဲမှာကုမ္ပဏီ ၂၀ ကျော် ပါဝင်ပြသပါတယ်။ အလုပ်လာရောက်လျှောက်ထားသူတွေအနေနဲ့ CV နဲ့တကွ လျှောက်လွှာတစ်ခါတည်းတင်ပြီး မိမိလျှောက်တဲ့ကုမ္ပဏီက စိတ်ဝင်စားရင် တစ်ခါတည်းအင်တာဗျူးမေးပြီး ရွေးချယ်ခန့်ထားမှာဖြစ်ပါတယ်။ ဒီအလုပ်အကိုင်ပြပွဲကနေ လူ ၁၀၀၀ ခန့် အလုပ်အကိုင်ရှာဖွေပေးနိုင်မယ်လို့ မျှော်မှန်းထားပါတယ်"ဟု CAREER & SUCCESS အလုပ်အကိုင်ဂျာနယ်မှ မသဲနုစိမ့်က ပြောသည်။


အလုပ်အကိုင်ရှာနေသူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများစွာပါဝင်သည့် ပြပွဲသို့ လာရောက်ခြင်းဖြင့် မိမိနှင့်ကိုက်ညီသည့် အလုပ်များကို ရှာဖွေနိုင်မည်ဖြစ်သကဲ့သို့ အလုပ်ခွင်ရောက်ရှိနေသူများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းကောင်းများကို ရှာဖွေနိုင်ကြမည်ဖြစ်သည်။

"သမီးက ဘီအီးဘွဲ့ရတစ်ယောက်ပါ။ ကိုယ်ရထားတဲ့ဘွဲ့နဲ့ကိုက်မယ့် အလုပ်တစ်ခုတော့ရမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ပြပွဲကိုလာတာပါ။ ဒီပြပွဲမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးပဲဆိုတော့ ကိုယ့်နဲ့ကိုက်မယ့် အလုပ်တစ်ခုတော့ ရှာတွေ့မယ်လို့ထင်ပါတယ်"ဟု အလုပ်လာရောက်ရှာဖွေသူ မသူဇာဝေက ပြောသည်။ **(၀၀၂)**

## ၅၁ လမ်းမှ

"လုပ်ငန်းဆောင်ရွက်စဉ် ကာလမှာလည်း မိသားစုများယာယီနေထိုင် အဆင်ပြေစေရေးအတွက် ကာလပေါက်ဈေးအတိုင်း အိမ်ငှားစရိတ်များ၊ ပြောင်းရွှေ့စရိတ်များ ထုတ်ပေးခဲ့ပါတယ်"ဟု ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။ မူလအိမ်ခန်းတစ်ခန်းလျှင် စတုရန်းပေ ၄၀၀ ခန့်သာ ကျယ်ဝန်းသော်လည်း တိုက်သစ်များတွင် တစ်ခန်းလျှင် စတုရန်းပေ ၆၀၀ ကျယ်ဝန်းသည်။ အောင်မြင်ပြည့်စုံ ဆောက်လုပ်ရေးကုမ္ပဏီမှ ဆောက်လုပ်သည့် ကွန်ဒို၌ အခန်းပေါင်း ၁၉၇ ခန်းပါဝင်ကာ မဟာနဝရတ်မြေ မိသားစု ဆောက်လုပ်ရေးကုမ္ပဏီမှ ဆောက်လုပ်သည့် ကွန်ဒို၌ အခန်းပေါင်း ၁၈၁ ခန်း ပါဝင်သည်။ တိုက်ခန်းနေ ပြည်သူဖြစ်သော ကိုအောင်ခိုင်က "အခုဆိုရင်တာဝါ A နှင့် B က တိုက်ခန်းနေပြည်သူများ ပြန်လည်နေထိုင်နေကြပါပြီ။ အားလုံးအဆင်ပြေပါတယ်။ အခုလို ကျွန်တော်တို့ တိုက်ခန်းနေပြည်သူများအတွက် အဆင့်မြင့်တိုက်ခန်းများ ဆောင်ရွက်ပေးလိုက်လို့ တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

အဆိုပါ အိမ်ရာတိုက်ခန်းများမှာ ယခင် ၁၉၅၄-၅၅ ခုနှစ်က အိမ်ခန်းတစ်ခန်းလျှင် စတုရန်းပေ ၄၀၀ ခန့်ရှိ ၈ ခန်းတွဲ ၄ ထပ်တိုက်များ ဖြစ်ပြီး အိမ်ထောင်စုဝင် ၂၂၄ ဦး နေထိုင်ခဲ့ကြသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် ဆောက်လုပ်ရေးကုမ္ပဏီနှစ်ခုတို့ သဘောတူစာချုပ်ချုပ်ပြီးနောက် နှစ်နှစ်တာကာလအတွင်း အိမ်ရာသစ်စီမံကိန်း ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။




၅၁ လမ်း အိမ်ရာအဆောက်အအုံပေါ်၌ ကျန်းမာရေးအတွက် အားကစားလေ့ကျင့်ခန်းမကို တွေ့ရစဉ်။

# အထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၄**

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ**

**မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ မွန်ပြည်နယ်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကယားပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်မှာ** ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၈ဒီဂရီစင်တီဂရိတ်၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၉ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သထုံမြို့တွင် သုည ဒသမ ၂၈ လက်မနှင့် လောင်းလုံးမြို့တွင် သုည ဒသမ ၂၄ လက်မတို့ ဖြစ်ကြသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ။** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များအနည်းငယ် လျော့နည်းနိုင်သည်။

## ပြည်တွင်းရေးရာ

**✱ ကျောဖုံးမှ**

ကျောင်းများ၊ ဈေးများ အများဆုံးတည်ရှိနေသည့် ရန်ကုန်မြို့လယ်ကောင်နှင့် ချိတ်ဆက်ထားသည့် လမ်းမများတွင် ယာဉ်ကြောပိတ်ဆို့မှုများ နေ့စဉ်ဖြစ်ပေါ်လာနေသည်။ အဆင့်မြှင့်ပြီးနောက်တွင် မြို့ပတ်ရထားများကို ရန်ကုန်မြို့လယ်ကောင်ရှိ ရုံးဌာန၊ ကုမ္ပဏီနှင့် အရောင်းဆိုင်များမှ ဝန်ထမ်းများ အသုံးပြုလာကြသည့် ပို့ဆောင်ရေးဝန်ဆောင်မှုတစ်ခုအသွင်အဖြစ် ရောက်ရှိလာခဲ့သည်။

သိမ်ဖြူလမ်းရှိ အစိုးရရုံးဌာနတစ်ခုတွင် အလုပ်လုပ်ကိုင်သည့် အငယ်တန်းစာရေးတစ်ဦးက "အချိန်လည်းမှန်လာတယ်။ ရထားကောင်းလာတယ်။ သန့်ရှင်းမှုလည်းရှိလာတယ်။ ရထားစီးတဲ့လူတွေလည်း သန့်လာတယ်။ အခုရထားစီးတဲ့လူတွေ တော်တော်များလာတယ်။ ကုမ္ပဏီဝန်ထမ်းရော၊ အစိုးရဝန်ထမ်းတွေပါ စီးကြတယ်။ ဝန်ထမ်းတစ်ယောက်အနေနဲ့ ရထားစီးရတာကြိုက်တယ်" ဟု ပြောသည်။

မြန်မာ့မီးရထားသည် ၂၀၁၃ ခုနှစ် ဧပြီလတွင် ရန်ကုန်မြို့လယ်ကောင်သို့ လာရောက်သူများ ယာဉ်ကြောပိတ်ဆို့မှုကြောင့် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ လူတန်းစားမရွေး အဆင်ပြေစွာ ရထားစီးနင်းနိုင်ရန်အတွက် မြို့ပတ်ရထားများတွင် လက်မှတ်ခ ငွေကျပ် ၂၀၀ နှုန်းဖြင့် အထူးတွဲများကို စတင်တပ်ဆင်ပေးခဲ့သည်။ မြို့ပတ်ရထားလမ်းများ၏ သစ်သားဇလီဖားတုံးများနေရာတွင် ကွန်ကရစ်ဇလီဖားတုံးများဖြင့် လဲလှယ်ကာ အဆင့်မြှင့်တင်မှုများ ပြုလုပ်ခဲ့သည်။

ယင်းသို့ အထူးတွဲများ တပ်ဆင်မှုကြောင့် ၂၀၁၃ ဩဂုတ်လတွင် မြို့ပတ်ရထားစီးသူဦးရေ ၂၈ သိန်းကျော်အထိရှိလာခဲ့သည်။ မြို့ပတ်ရထားစီးနင်းမှုပိုမိုများပြားလာသဖြင့် သက်သောင့်သက်သာရှိသော အဲကွန်းစနစ်ပါဝင်သည့် လက်မှတ်ခ ငွေကျပ် ၃၀၀ တန် ခရီးစဉ်များကို ဂျပန်နိုင်ငံမှ မှာယူထားသော Rail Bus Engine (RBE) ရထားတွဲဆိုင်းဖြင့် တိုးချဲ့ပြေးဆွဲခဲ့သည်။

အဲကွန်းစနစ်ပါဝင်သည့် RBE တွဲဆိုင်းများကို ၂၀၁၃ ခုနှစ် အောက်တိုဘာတွင် ပထမတွဲဆိုင်း၊ ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ဒုတိယတွဲဆိုင်းနှင့် တတိယတွဲဆိုင်း၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီတွင် စတုတ္ထတွဲဆိုင်း၊ ဇူလိုင်လတွင် ပဉ္စမတွဲဆိုင်းနှင့် ဩဂုတ်လတွင် ဆဋ္ဌမမြောက်တွဲဆိုင်းများကို ပြောင်းလဲတပ်ဆင်ပြေးဆွဲနိုင်ခဲ့သည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)တွင် နေထိုင်သည့် ဝန်ထမ်းတစ်ဦးဖြစ်သူ မညိုက "ရထားဘူတာနဲ့ အိမ်နဲ့က ဝေးတယ်။ အိမ်ကနေ ဘူတာရောက်အောင် မိနစ် ၂၀ လောက် လမ်းလျှောက်ရတယ်။ ဘူတာကနေ ရုံးကို မိနစ် ၂၀ လောက် လျှောက်ရတယ်။ ကားဂိတ်ကတော့ ငါးမိနစ်လောက်လျှောက်ရင် ရောက်တယ်။ ဒါပေမဲ့ လိုင်းကားစီးရတာထက်စာရင် ရထားစီးရတာက ပိုပြီးသက်သောင့်သက်သာရှိတယ်။ လူသက်သာတယ်။ မတ်တပ်ရပ်ရတာချင်းတူရင်တောင် ရထားစီးရတာက ပိုပြီးသက်သာတယ်။ ယာဉ်နောက်လိုက် အော်ငေါက်တာလည်းမခံရဘူး။ လူတိုး တာလည်း မခံရဘူး။ အစ်မက တိုးကြောင်လေးဘူတာကနေ စီးတယ်"ဟု မြို့ပတ်ရထားစီးဖြစ်သည့် အကြောင်းအရင်းကို ပြောသည်။



လက်ရှိအချိန်တွင် မြို့ပတ်ရထားကို တစ်နေ့လျှင် (၂၁၅)ကြိမ်ထိပြေးဆွဲပြီး လူဦးရေ ခုနစ်သောင်းကျော် စီးနင်းလျက်ရှိနေကြောင်း ရန်ကုန်ဘူတာကြီးမှ သိရသည်။

ရန်ကုန်ဘူတာကြီးမှ လက်ထောက်မန်နေဂျာ (သွားလာရေး/တိုင်း)ဖြစ်သူ ဦးညီညီလွင်က "ရုံးတက်ရုံးဆင်းချိန်မှာ ရထားတစ်တွဲကို လူတစ်ရာလောက် စီးကြရတာ။ နံနက် ၈ နာရီ ဝန်းကျင်နဲ့ ညနေ ၄ နာရီ ဝန်းကျင်ဆိုရင် မြို့ပတ်ရထားစီးသူများပါတယ်။ ပြီးခဲ့တဲ့ သီတင်းကျွတ်လပြည့်နေ့ကဆို တစ်ရက်တည်း ရထားစီးသူ ရှစ်သောင်းကျော်ပါတယ်။ လူလတ်တန်းစားတွေအတွက်တော့ အဆင်ပြေလာတယ်" ဟု လက်ရှိမြို့ပတ်ရထား၏ အခြေအနေကို သုံးသပ်သည်။

RBE တွဲဆိုင်းများဖြင့် မြို့ပတ်ရထားကို အဆင့်မြှင့်တင်မှု ပြုလုပ်ခဲ့သော်လည်း တစ်ဖက်တွင် အခြေခံလူတန်းစားများအပေါ် အကျိုးသက်ရောက်မှုအချို့ရှိနေသည်။ ယခင်က အင်းစိန်၊ ဒညင်းကုန်းဘူတာများမှ ကုန်စိမ်းသည်များ၊ ခေါင်းရွက်ဗျက်ထိုးများနှင့် ရန်ကုန်မြို့တွင်းသို့ မုန့်များလာရောက် ရောင်းချသည့် ဈေးသည်များသည် အဲကွန်းရထားများပေါ်သို့ မုန့်၊ အနံ့ပြင်းသော အစားအစာနှင့် ကုန်စိမ်းများ တင်ဆောင်ခွင့် မပြုသည့်အတွက် သွားလာရေးတွင် အခက်အခဲဖြစ်လာသည်။

ထို့ကြောင့် မြန်မာ့မီးရထားမှ မြို့ပတ်ရထား ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နေသကဲ့သို့ အခြေခံလူတန်းစားများ အဆင်ပြေစွာ သွားလာကုန်သွယ်နိုင်ရန်အတွက်လည်း လက်မှတ်ခ ငွေကျပ် ၅၀ တန် ရိုးရိုးရထားများ ပြန်လည်တိုးချဲ့ပြေးဆွဲနိုင်ရန် စီစဉ်နေကြောင်း သိရသည်။

**"ဖွံ့ဖြိုးတိုးတက်မှုကို လုပ်တဲ့နေရာမှာ အခြေခံလူတန်းစားတွေအတွက် ထိခိုက်နစ်နာမှုရှိမလားဆိုပြီး ပြန်စဉ်းစားပေးရတာပေါ့။** လူစီးတွဲမှာခရီးသည်တွေက ကုန်စိမ်းမတင်စေချင်ကြတော့ဘူး။ ရိုးရိုးမြို့ပတ်ခရီးစဉ်တစ်ခုဆိုရင် RBE ပြောင်းလိုက်တော့ ကုန်စိမ်းခရီးသည် စီးနင်းမှု အတော်လျော့ကျသွားတယ်။ ဒါကြောင့် ကုန်စိမ်းသည်တွေ အစီးများတဲ့ အချိန်မှာ ခရီးစဉ်တစ်ခုအတွက် ရှေ့နဲ့နောက် နှစ်တွဲစီကို ၅၀ တန်တွဲအဖြစ် သတ်မှတ်ပြီး သီးသန့်စီးချင်တဲ့သူတွေအတွက် အလယ်မှာ ၂၀၀ တန်တွဲ ထည့်ပေးရတာမျိုးတွေလုပ်ဖို့ရှိတယ်"ဟု ဦးညီညီလွင်က ဆိုသည်။

မြို့ပတ်ရထား ရိုးရိုးတန်းအား လပေးစီးနင်းလိုသူများအနေဖြင့် တစ်လလျှင် ငွေကျပ် ၁၇၀၀ နှုန်းကျသင့်မည်ဖြစ်ပြီး ကျောင်းသူ ကျောင်းသားများနှင့် ဆရာ ဆရာမများအတွက် အထူးနှုန်း ငွေကျပ် ၁၁၅၀ ဖြင့် ရောင်းချပေးလျက်ရှိနေသည်။

မြို့ပတ်ရထားပြေးဆွဲခြင်းလုပ်ငန်းသည် ယခင်က အရှုံးဖြင့် ရင်ဆိုင်နေရသော်လည်း ၂၀၁၅ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ အမြတ်ငွေကျပ် ၃၅ သိန်းကျော်ရရှိလာပြီဟု မြန်မာ့မီးရထားမှသိရသည်။ ယခင်က မီးရထားကြော်ငြာလုပ်ငန်းသည် Bill Board များတွင် ကြော်ငြာခြင်း၊ Light Board များတွင် ကြော်ငြာခြင်းမှသာ ဝင်ငွေရရှိနေခဲ့သော်လည်း မြို့ပတ်ရထားအပေါ် ခရီးသွားများစီးနင်းမှုမြင့်တက်လာသည့်နည်းတူ မြို့ပတ်ရထား တွဲဆိုင်းများတွင် ကုန်ပစ္စည်းကြော်ငြာခြင်းလုပ်ငန်းကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် စတင်လက်ခံခဲ့သည်။ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ငွေကျပ် သိန်းခြောက်ရာနီးပါး ၊ ၂၀၁၄-၂၀၁၅ တွင် ငွေကျပ်သိန်းတစ်ထောင်ကျော်ရှာဖွေပေးနိုင်ခဲ့ပြီး ယခု ၂၀၁၅-၂၀၁၆ ခုနှစ်တွင်လည်း ငွေကျပ်သိန်းတစ်ထောင်ကျော်ခန့်အထိ မြို့ပတ်ရထားတွဲဆိုင်းများတွင် ကုန်ပစ္စည်းကြော်ငြာခြင်းမှ ဘဏ္ဍာငွေ ရှာဖွေပေးနိုင်ခဲ့သည်။

"ရထားတွဲဆိုင်းမှာ ကြော်ငြာရာမှာ RBE ရထားဆိုရင် လူတွေက ပိုစိတ်ဝင်စားတယ်။ ရိုးရိုးရထားတွဲဆိုင်းဟောင်းတွေကျတော့ ကြော်ငြာကို ရထားတွဲဆိုင်းအလိုက် ကပ်ထားပြီးမှ ပြင်ဆင်မှုတွေပြုလုပ်ဖို့ ကြော်ငြာကပ်ထားတဲ့ရထားတွဲဆိုင်းကို မဖြုတ်လိုက်မှာမျိုး လုပ်ငန်းရှင်တွေက စိုးရိမ်ကြတယ်"ဟု အမှတ်(၇) တိုင်း(ရန်ကုန်)၏ စီးပွားရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

မြို့ပတ်ရထားများတွင် ရထားလက်မှတ်များအား ဝယ်ယူ၍စီးနင်းခြင်းပြု၊ မပြု မြို့ပတ်ရထားတွဲ တိုင်းတွင် လက်မှတ်စစ်များ ထားရှိ၍စစ်ဆေးလျက်ရှိသည်။

"လက်မှတ်မပါဘဲစီးတဲ့သူကတော့ မရှိသလောက်ပါဘဲ။ ဒဏ်ကြေးရိုက်ရင် ဘောက်ချာစာရွက် လေးရွက်လိုအပ်တယ်။ တစ်ရွက်ကိုဒဏ်ကြေးရိုက်ခံရတဲ့ခရီးသည်ကို ပေးလိုက်တယ်။ တစ်ရွက်ကို လက်မှတ်စစ်ကယူထားရတယ်။ ရန်ကုန်ဘူတာကြီးနဲ့ နေပြည်တော်ကရုံးချုပ်ကို တစ်ရွက်စီပေးရတယ်။ တချို့ကျတော့လည်း ငါးဆယ်တန်လက်မှတ်ဖြတ်ထားပြီး နှစ်ရာတန်စီးကြတာမျိုးရှိတယ်။ ဒီအခါမှာကိုယ်ဝယ်ထားတဲ့ လက်မှတ်ရှိနေတဲ့တွဲကိုပြန်သွားဖို့ပြောရတယ်။ လက်မှတ်မပါဘဲစီးတဲ့လူတွေဆိုရင် ရှေ့ဘူတာမှာလက်မှတ်ဆင်းဝယ်ဖို့ပြောတယ်။ လက်မှတ်မပါဘဲ ၅၀ ကျပ်တန်နဲ့ ၁၀၀ ကျပ်တန်စီးသူတွေကို ဒဏ်ငွေ ၁၀၀၀ ကျပ်ရိုက်တယ်။ ၂၀၀ တန်နဲ့ ၃၀၀ တန်စီးသူတွေကိုတော့ ငွေကျပ် ၂၀၀၀ နဲ့ ငွေကျပ် ၃၀၀၀ ရိုက်ပါတယ်"ဟု ရန်ကုန်-ရန်ကုန် RBE တွဲရထားလက်မှတ်စစ်က ပြောသည်။

ရန်ကုန်မြို့ပတ်ရထားလက်မှတ်များအား ၂၀၁၅ ခုနှစ် မေလ ၇ ရက်မှ စတင်၍ ကွန်ပျူတာဖြင့် လက်မှတ်ရောင်းတဲ့စနစ်ကို ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းမှုများ လုပ်ဆောင်ခဲ့သည်။ ယခုအခါတွင် ရန်ကုန်မြို့ပတ်လမ်းတွင် ဘူတာစဉ် ၃၅ ခုရှိသည့်အနက် ဘူတာစဉ် ၁၅ ခု၌ ကွန်ပျူတာဖြင့် လက်မှတ်ရောင်းသည့်စနစ်ကို ကျင့်သုံးနိုင်ခဲ့ပြီဖြစ်သည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)တွင်နေထိုင်သူ မညိုက "လက်မှတ်မဝယ်ဘဲ စီးတာတော့ မဟုတ်ဘူး။ ရထားလာရင် ရထားမမီမှာစိုးလို့ ရထားပေါ်ပြေးတက်တဲ့ လူလည်းရှိတယ်။ မလွှကုန်းဘူတာနဲ့ ပုဇွန်တောင်ဘူတာတွေမှာဆို လက်မှတ်ဝယ်ရတာက ဟိုးအပေါ်ထိတက်ပြီး ဝယ်ရတာ။ ရထားလက်မှတ်ကို ရထားနဲ့ နီးနီးနားနားမှာ ဝယ်လို့ရရင် ပိုကောင်းတယ်"ဟု ပြောသည်။

---

**○ ပြင်သစ်မှ**

မငြိမ်မသက်အခြေအနေများကြောင့် ပရိသတ်များကကွင်းပြင်ပထွက်ခွာရန် ကြိုးပမ်းခဲ့ကြသော်လည်းအာဏာပိုင်များကကွင်းထဲတွင် ရှိနေခြင်းက နှစ်ဖက်ကစားသမားများနှင့်ပရိသတ်များအတွက် ပိုမိုအန္တရာယ်ကင်းသည်ဟု ယူဆသောကြောင့် ပွဲကို ဆက်လက်ကစားစေခဲ့သည်။

စတာ့ဒ်ဒါဖရင့် (ပြင်သစ်အမျိုးသားအားကစားကွင်း)ကွင်း၏ အဝင်ပေါက်ဗုံးပေါက်ကွဲမှုအပြင် ပဲရစ်မြို့တစ်မြို့လုံးနေရာစုံတွင် ဗုံးများဆက်တိုက်ပေါက်ကွဲမှုကြောင့် အနည်းဆုံးလူ ၁၂၀ သေဆုံးခဲ့သည်ဟု သတင်းများက ဖော်ပြကြသည်။

စတာ့ဒ်ဒါဖရင့်ကွင်းအပြင် ရော့ခ်တေးဂီတဖျော်ဖြေပွဲကျင်းပရာ နေရာနှင့် ဈေးဝယ်စင်တာတွင်လည်း ပေါက်ကွဲမှုဖြစ်ခဲ့သဖြင့် ယခုကဲ့သို့ လူရာနှင့်ချီကာ သေဆုံးခဲ့ရခြင်းဖြစ်သည်။

ပြင်သစ်-ဂျာမနီချစ်ကြည်ရေးပွဲတွင် ပြင်သစ်တိုက်စစ်မှူးဂီရော့ဒ်က ပွဲချိန် ၄၅ မိနစ်တွင် မာရှယ်လ်၏ပေးပို့မှုဖြင့် အဖွင့်ဂိုးသွင်းယူခဲ့ပြီးနောက် ပွဲချိန် ၈၆ မိနစ်တွင် ဂျစ်နာ့ဒ်ကဒုတိယဂိုးကိုသွင်းယူခဲ့သည်။ယင်းနိုင်ပွဲက ပြင်သစ်တို့အတွက် ငါးနှစ်အတွင်း ဂျာမနီကိုပထမဆုံး ပြန်လည်အနိုင်ရရှိအောင် စွမ်းဆောင်နိုင်မှုလည်းဖြစ်ခဲ့သည်။

ဂျာမနီက ပြင်သစ်ကိုရှုံးနိမ့်ခဲ့ခြင်းမှာ မမျှော်လင့်ထားသည့် ပဲရစ်ဗုံးခွဲတိုက်ခိုက်မှုကြောင့်ဖြစ်ကြောင်း ဂျာမနီနည်းပြဂျိုအားချင်လိုက ပွဲအပြီး ဘီဘီစီသတင်းဌာနသို့ ပြောကြားခဲ့သည်။

ပွဲမကစားခင်ကပင် အကြမ်းဖက်ခြိမ်းခြောက်နိုင်ခြေရှိသည်ဆိုသော သတင်းကြောင့် ပြင်သစ်အာဏာပိုင်များက ဂျာမနီဘောလုံးအသင်းကို ၎င်းတို့တည်းခိုရာ မိုရိုလာဟိုတယ်မှနေ့လယ်စာမစားမီကပင် ထွက်ခွာစေရာ ဟိုတယ်ပြင်ပ၌ သုံးနာရီကြာအောင်စောင့်ဆိုင်းနေကြရသည်။

"တစ်ချိန်လုံးလည်း ဗုံးခွဲတိုက်ခိုက်မှုခံရမယ်လို့ ခြိမ်းခြောက်တဲ့အပေါ်မှာပဲ စိတ်ရောက်နေတော့ ပြိုင်ပွဲအပေါ် အပြည့်အဝအာရုံမစိုက်နိုင်ခဲ့ပါဘူး။ပွဲစတင်ကစားပြီး ၁၅ မိနစ်ကြာတော့ ဗုံးနှစ်လုံးဆင့်ပေါက်ခဲ့တယ်"ဟု ဂျိုအားချင်လိုက ဘီဘီစီသို့ ပြောသည်။ **(မေလှဲ့သင်း)**

---

# ပန်းချီဆရာကြီးဦးသုခ အမှတ်တရ ပန်းချီပြပွဲ ပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၁၄**

၂၀၁၅ ခုနှစ် ပန်းချီဆရာကြီး ဦးသုခအမှတ်တရ ပန်းချီပြပွဲနှင့် (၁၄) ကြိမ်မြောက် ပန်းချီဆရာကြီး ဦးသုခကန်တော့ပွဲ၊ (၅)ကြိမ်မြောက် ပန်းချီဆရာကြီး ဦးရှိန်ထွန်း၊ ဆရာကြီး ဦးသက်ညွှန့်၊ ဆရာကြီး ဦးလွန်းကြွယ် တို့အား ကန်တော့ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၄ ရက်က ရန်ကုန်မြို့ သံလွင်လမ်းရှိ New Treasure Art Gallery ၌ ပြုလုပ်ခဲ့သည်။



ပန်းချီဆရာကြီး ဦးသုခရေးခဲ့သော ပန်းချီလက်ရာတစ်ခုကို တွေ့ရစဉ်။

ပန်းချီပြပွဲကို New Treasure Art Gallery မှ ကြီးမှူး၍ ပြုလုပ်ခြင်းဖြစ်သည်။ ပြုလုပ်ရခြင်းမှာ ပြပွဲတွင် ရောင်းရသော ပန်းချီဆရာများမှ လှူဒါန်းသည့်ငွေများကို ပန်းချီဆရာကြီး ဦးသုခ ဖောင်ဒေးရှင်းအမည်ဖြင့် ရန်ပုံငွေထူထောင်ထားရှိပြီး ပန်းချီဆရာများ၏ သာရေး၊ နာရေး၊ ပညာရေးတို့တွင် ပံ့ပိုးကူညီသွားနိုင်စေရန်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ပန်းချီဆရာတစ်ဦးလျှင် တစ်ကားစီဖြင့် ပန်းချီကားပေါင်း ၄၁၀ ကျော်ခန့်ကို ပြသထားရှိပြီး ပန်းချီကားတစ်ကားလျှင် အနည်းဆုံး ငွေကျပ်တစ်သိန်းမှ အများဆုံး ငွေကျပ်သိန်း ၂၀ ဖြင့် ရောင်းချသွားမည် ဖြစ်သည်။

ပြပွဲကို နိုဝင်ဘာ ၁၄ ရက်မှ ၂၈ ရက်အတွင်း နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ တစ်ပတ်ကြာ ပြသပေးသွားမည်ဟု သိရသည်။

သတင်း-ခင်ဇာလီ
ဓာတ်ပုံ-သိမ့်ရွှေရည်

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်များ ဆက်လက်ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၄**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှ ရွေးကောက်ပွဲရလဒ်များကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် ဖွင့်လှစ်ထားသော မီဒီယာစင်တာမှ နိုဝင်ဘာ ၉ ရက်မှစတင်၍ ထုတ်ပြန်ကြေညာခဲ့ရာ ယနေ့ မွန်းတည့် ၁၂ နာရီနှင့် ညနေ ၄ နာရီတို့တွင် ဆက်လက်ထုတ်ပြန်ကြေညာခဲ့သည်။

ယနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်သုံးဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်(တိုင်းရင်းသားလူမျိုး)လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတို့၏ အမည်စာရင်းနှင့်ရလဒ်များကို ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ကြောင့် ပြည်သူ့လွှတ်တော် ၃၁၅ ဦး ထုတ်ပြန်ကြေညာခဲ့မှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၂၅၃ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ၂၉ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ နှစ်ဦး၊ ‘ဝ’ဒီမိုကရက်တစ်ပါတီမှ တစ်ဦး၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီမှ တစ်ဦး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၁၂ ဦး၊ ရခိုင်အမျိုးသားပါတီမှ ရှစ်ဦး၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ တစ်ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီမှ သုံးဦး၊ တအာင်း(ပလောင်) အမျိုးသားပါတီမှ သုံးဦး၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)မှ တစ်ဦး၊ တစ်သီးပုဂ္ဂလမှ တစ်ဦးတို့ ရရှိကြသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၃ ဦး ထုတ်ပြန်ကြေညာခဲ့မှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၁၃၄ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၁၂ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ နှစ်ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ သုံးဦး၊ မွန်အမျိုးသားပါတီမှ တစ်ဦး၊ ရခိုင်အမျိုးသားပါတီမှ ခုနစ်ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီမှ တစ်ဦး၊ တအာင်း(ပလောင်) အမျိုးသားပါတီမှ တစ်ဦး၊ တစ်သီးပုဂ္ဂလမှ နှစ်ဦးတို့ရရှိကြသည်။

တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၆၁၂ ဦး ထုတ်ပြန်ကြေညာခဲ့မှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၄၆၉ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ၇၁ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ နှစ်ဦး၊ ‘ဝ’ဒီမိုကရက်တစ်ပါတီမှ နှစ်ဦး၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီမှ သုံးဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၂၆ ဦး၊ ကရင်ပြည်သူ့ပါတီမှ တစ်ဦး၊ မွန်အမျိုးသားပါတီမှ နှစ်ဦး၊ ရခိုင်အမျိုးသားပါတီမှ ၁၄ ဦး၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ တစ်ဦး၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက)မှ တစ်ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီမှ ခြောက်ဦး၊ တအာင်း(ပလောင်)အမျိုးသားပါတီမှ ခုနစ်ဦး၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှတစ်ဦး၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ တစ်ဦး၊ ‘ဝ’အမျိုးသားစည်းလုံးညီညွတ်ရေးပါတီမှ တစ်ဦး၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တစ်ဦး၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)မှ တစ်ဦး၊ တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တစ်ဦး၊ တစ်သီးပုဂ္ဂလမှ တစ်ဦးတို့ရရှိကြသည်။

တိုင်းဒေသကြီး/ပြည်နယ် (တိုင်းရင်းသားလူမျိုး) လွှတ်တော်ကိုယ်စားလှယ် ၂၂ ဦး ထုတ်ပြန်ကြေညာခဲ့မှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၁၅ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ နှစ်ဦး၊ ရခိုင်အမျိုးသားပါတီမှ တစ်ဦး၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တစ်ဦး၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)မှတစ်ဦး၊ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှတစ်ဦး၊ တစ်သီးပုဂ္ဂလမှ တစ်ဦးတို့ရရှိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**




## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲရလဒ်များနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၄**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ရလဒ်များနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ ညနေ ၄ နာရီတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး မီဒီယာစင်တာ၌ ကျင်းပရာ **(အပေါ်ပုံ)** ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် တက်ရောက်၍ ရှင်းလင်းဖြေကြားသည်။

သတင်းစာ ရှင်းလင်းပွဲတွင် ဦးမြင့်နိုင်က ကြေညာပြီးသောဆန္ဒမဲရလဒ်များနှင့် ကြေညာရန်ကျန်ရှိသော ဆန္ဒမဲရလဒ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာများကမေးမြန်းသည့် မဲဆွယ်စည်းရုံးရေးကာလ အသုံးစရိတ်များကို စိစစ်မည့်အစီအမံ၊ အသုံးစရိတ်များကို သတ်မှတ်နည်းလမ်းအတိုင်း သုံးစွဲခြင်း ရှိ၊ မရှိကို လေ့လာစောင့်ကြည့်နိုင်မည့် အခြေအနေ၊ ၂၀၁၅ ရွေးကောက်ပွဲ၏ အားသာချက်၊ အားနည်းချက်များနှင့် နောင်ရွေးကောက်ပွဲများအတွက် ဆောင်ရန်ရှောင်ရန်အချက်များအား သုံးသပ်ဖော်ထုတ်ဆောင်ရွက်သွားမည့် အခြေအနေတို့ကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲရလဒ်များ ကြေညာပြီးစီးမှုမှာ ၉၇ ရာခိုင်နှုန်းဖြစ်ပြီး ဆက်လက်ကြေညာရန် သုံးရာခိုင်နှုန်းသာ ကျန်ရှိကြောင်း၊ ၎င်းတွင် ပြည်သူ့လွှတ်တော်အတွက် နှစ်ရာခိုင်နှုန်း၊ အမျိုးသားလွှတ်တော်အတွက် သုံးရာခိုင်နှုန်း၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်အတွက် သုံးရာခိုင်နှုန်းနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်အတွက် ၂၄ ရာခိုင်နှုန်း ကျန်ရှိကြောင်း၊ ထုတ်ပြန်ရန်ကျန်ရှိမှုများကို နိုဝင်ဘာ ၁၅ ရက် ညနေ ၄ နာရီတွင် ကြေညာပြီးပါက မီဒီယာစင်တာပိတ်သိမ်းမည်ဖြစ်သော်လည်း နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အချိန်နှင့် တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

■



ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် လူနာများအသုံးပြုရန်အတွက် လူနာတွန်းလှည်း အစီး ၂၀ ကို နိုဝင်ဘာ ၁၃ ရက်က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) ကိုယ်စား ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဝင်းလွင်နှင့် ဦးအောင်ကြည်တို့က လှူဒါန်းရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး လက်ထောက်ဆေးရုံအုပ် ဒေါက်တာသီတာအောင် လက်ခံရယူစဉ်။

(ကြေးမုံ)

## သတင်းမီဒီယာလွတ်လပ်ပွင့်လင်းမှုကို တွေ့ဆုံမေးမြန်း

**ရန်ကုန် နိုဝင်ဘာ ၁၄**

အထွေထွေရွေးကောက်ပွဲကြီး ကျင်းပပြီးနောက် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်တိုင်းရှိ သတင်းစာ၊ ဂျာနယ်အရောင်းဆိုင်များ၌ သတင်းစာ၊ ဂျာနယ်များ အရောင်းသွက်ခဲ့သည်။ အထွေထွေရွေးကောက်ပွဲကြီးနှင့်ပတ်သက်၍ သတင်းထူး၊ သတင်းဦးများကို သတင်းစာ၊ ဂျာနယ်များက အပြိုင်အဆိုင်ရေးသားဖော်ပြကြပြီး စာဖတ်သူများကလည်း ဈေးကြီးပေး၍ ဝယ်ဖတ်ကြရသည်။

နိုင်ငံခြားသတင်းထောက်များကလည်း နေရာအနှံ့သတင်းများ ရယူကြရာ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့်ပတ်သက်၍ လွတ်လပ်ပြီး ပွင့်လင်းမှုရှိသည့်အတွက် တွေ့ဆုံမေးမြန်းခြင်းများ နေ့စဉ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၃ ရက်တွင် ပြင်သစ်တီဗွီသတင်းဌာနမှ သတင်းထောက်များက ကျောက်တံတားမြို့နယ် (၃၈)လမ်းထိပ်ရှိ သတင်းစာ၊ ဂျာနယ်များရောင်းသည့် ရာဇာအရောင်းဆိုင် ပိုင်ရှင် ဦးကျော်ကျော်နိုင်ကို ဂျာနယ်များ၊ နေ့စဉ်ထုတ်သတင်းစာများ လက်ရှိရောင်းအားအခြေအနေ၊ စာဖတ်သူများ အများဆုံးဖတ်ရှုသည့် စာစောင်များ၊ စာဖတ်သူများ၏ ဝေဖန်ချက်များကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံမေးမြန်းခဲ့ကြောင်း သိရသည်။



**အောင်မြင့် (ပြန်/ဆက်)**

■



## ပဲခူးမြို့နယ် လှော်ကားကျေးရွာတွင် တောဆင်ရိုင်းတစ်ကောင်သေဆုံး

**ပဲခူး နိုဝင်ဘာ ၁၄**

ပဲခူးမြို့နယ် ထန်းတောကြီးနယ်မြေရဲစခန်းပိုင် လှော်ကားကျေးရွာအုပ်စု လှော်ကားကျေးရွာအနောက်ဘက် မဟာမိုးမြေရော်ဘာခြံဝင်းအတွင်း တောဆင်ရိုင်းအထီးတစ်ကောင် သေဆုံးနေကြောင်း နိုဝင်ဘာ ၁၃ ရက်က လှော်ကားကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်ဌေး၏ သတင်းပေးချက်အရ ဘောနက်ကြီးရဲကင်းမှူး ဒုရဲအုပ်ခင်လှိုင်နှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

မဟာမိုးမြေရော်ဘာခြံ မန်နေဂျာ ဦးကျော်ကျော်က နိုဝင်ဘာ ၁၃ ရက် နံနက် ၃ နာရီခန့်တွင် ရော်ဘာခြံဝင်းအတွင်း ဆင်အော်သံကြားခဲ့ရသဖြင့် ရော်ဘာခြံလုပ်သားများနှင့်အတူ လှည့်လည်ကြည့်ရှုရာ ဆင်သေတစ်ကောင်ကို တွေ့ရှိသဖြင့် လှော်ကားကျေးရွာအုပ်ချုပ်ရေးမှူးထံ အကြောင်းကြားခဲ့သည်။

ရဲကင်းမှူးနှင့် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက ဆင်သေကို စစ်ဆေးမှုပြုလုပ်ရာ အလျား ၁၂ ပေ၊ အမြင့်ကိုးပေ၊ ဟိုင်းဆင်အမျိုးအစား၊ အစွယ်မပေါက်သေး၊ ပြင်ပဒဏ်ရာမရှိ သေဆုံးနေကြောင်း တွေ့ရသဖြင့် သစ်တောဦးစီးဌာနရှိ ဆင်ဆရာဝန်ထံ ဆက်သွယ်အကြောင်းကြားခဲ့ကြောင်း သိရသည်။ **(၅၈၇)**

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၈၆/၂၀၁၅ )

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း ကြေညာခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးအင်ထုံးခါးနော်ဆမ် | ၁/မကန(နိုင်) ၀၇၃၃၇၄ | မြစ်ကြီးနား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ချင်းပြည်နယ်** | | | | |
| (၂) | ဦးစိန်အောင် | ၄/ပလဝ(နိုင်)၀၀၀၄၁၈ | ပလက်ဝ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) | ဦးပါထန်း | ၄/မတပ(နိုင်)၀၀၀၃၃၅ | မတူပီ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၄) | ဦးခင်မောင်သိန်း | ၅/စကန(နိုင်)၀၇၃၇၇၂ | စစ်ကိုင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဒေါက်တာအေဇင်လတ် | ၅/ကဘလ(နိုင်)၁၁၁၂၄၄ | ရွှေဘို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးမင်းနောင် | ၅/ပလဘ(နိုင်)၀၀၁၃၇၃ | ပင်လည်ဘူး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဦးသန်းထွန်းမြင့် | ၅/ကလဝ(နိုင်)၀၀၀၈၃၁ | ကလေးဝ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၈) | ဦးအောင်ကျော်ဟိန်း | ၆/တသရ(နိုင်)၀၂၃၀၀၅ | တနင်္သာရီ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | ဒေါ်တင်တင်ရီ | ၆/မအရ(နိုင်)၀၇၉၅၂၃ | ကျွန်းစု | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၀) | ဦးနေလင်းထွန်း | ၆/ဘပန(နိုင်)၀၀၂၅၂၇ | ဘုတ်ပြင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၁၁) | ဦးအောင်နိုင်(ခ)နိုင်ငံကျော် | ၉/မကန(နိုင်)၀၀၂၉၈၂ | မိုးကုတ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၂) | ဒေါက်တာအောင်နိုင် | ၉/မတရ(နိုင်)၀၁၄၁၅၀ | သပိတ်ကျင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရခိုင်ပြည်နယ်** | | | | |
| (၁၃) | ဦးအောင်ကျော်ဇံ | ၇/သကန(နိုင်)၀၆၁၈၃၃ | ပေါက်တော | ရခိုင်အမျိုးသားပါတီ |
| (၁၄) | ဦးမြင့်ဝေ | ၁၁/ဂမန(နိုင်)၀၁၄၁၅၄ | ဂွ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၅) | ဦးတင်နု(ခ)တင်နုအောင် | ၅/ဝသန(နိုင်)၀၀၅၄၉၃ | မာန်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၆) | ဦးသိန်းဆွေ | ၁၂/ဒဂန(နိုင်)၀၁၀၄၃၇ | အမ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဒေါ်နီနီမေမြင့် | ၁၁/တကန(နိုင်)၀၈၁၁၉၄ | တောင်ကုတ် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် (၈၇/၂၀၁၅)

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း ကြေညာခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးဇခုန်တိန့်ယိန်း | ၁/မကန(နိုင်)၀၅၃၁၁၇ | အမှတ်(၅) | တစ်သီးပုဂ္ဂလ |
| (၂) | ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင် | ၉/မရမ(နိုင်)၀၆၇၇၄၅ | အမှတ်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ချင်းပြည်နယ်** | | | | |
| (၃) | ဦးဝှေ့တင်း | ၄/ပလဝ(နိုင်)၀၂၃၇၉၁ | အမှတ်(၁၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် | ၄/ပလဝ(နိုင်)၀၂၈၀၇၈ | အမှတ်(၁၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဦးလားလ်မင်းထန် | ၄/မတပ(နိုင်)၀၂၈၂၂၆ | အမှတ်(၁၀) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၆) | ဦးကိုကိုနိုင် | ၅/ကလဝ(နိုင်)၀၂၅၁၃၉ | အမှတ်(၈) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဦးမောင်မောင်လတ် | ၅/တမန(နိုင်)၀၀၆၇၀၀ | အမှတ်(၉) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၈) | ဦးခင်မျိုးဝင်း | ၆/ဘပန(နိုင်)၀၀၂၅၈၂ | အမှတ်(၁၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| (၉) | ဒေါက်တာပြည့်ဖြိုး | ၁၄/အမန(နိုင်)၀၉၂၃၀၀ | အမှတ်(၇) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

(ယမန်နေ့မှ အဆက်)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲ အရေ အတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၃၀၉။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ဦးအင်ထုံးခါးနော်ဆမ် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၄၈၉၆၁ |
| ၃၁၀။ | ချင်းပြည်နယ် | မတူပီ | ဦးပါထန်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၈၄၈၁ |
| ၃၁၁။ | တနင်္သာရီတိုင်းဒေသကြီး | ကျွန်းစု | ဒေါ်တင်တင်ရီ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၄၅၃၁၄ |
| ၃၁၂။ | တနင်္သာရီတိုင်းဒေသကြီး | ဘုတ်ပြင်း | ဦးနေလင်းထွန်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၁၈၃၇၅ |
| ၃၁၃။ | ရခိုင်ပြည်နယ် | မာန်အောင် | ဦးတင်နု(ခ)တင်နုအောင် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၁၃၁၉၈ |
| ၃၁၄။ | ရခိုင်ပြည်နယ် | အမ်း | ဦးသိန်းဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၃၀၃၇ |
| ၃၁၅။ | ရခိုင်ပြည်နယ် | တောင်ကုတ် | ဒေါ်နီနီမေမြင့် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၂၈၁၃၄ |

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရတိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

(ယမန်နေ့မှ အဆက်)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စား လှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲ အရေ အတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၆၂၂။ | ကချင်ပြည်နယ် | မြစ်ကြီးနား (၁) | ဒေါက်တာခက်အောင် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၂၅၄၆၃ |
| ၆၂၃။ | ကချင်ပြည်နယ် | မြစ်ကြီးနား (၂) | ဦးနေဝင်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၂၀၈၀၅ |
| ၆၂၄။ | ချင်းပြည်နယ် | မတူပီ (၁) | ဦးဟွန်းခဲန် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၅၅၄၂ |
| ၆၂၅။ | ချင်းပြည်နယ် | မတူပီ (၂) | ဦးဝီကော | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၅၈၃၂ |
| ၆၂၆။ | ရခိုင်ပြည်နယ် | အမ်း (၁) | ဦးမောင်မောင်အုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၉၅၄၅ |
| ၆၂၇။ | ရခိုင်ပြည်နယ် | အမ်း(၂) | ဦးခင်မောင်ဌေး | ရခိုင်အမျိုးသားပါတီ | ၉၄၅၂ |
| ၆၂၈။ | ရခိုင်ပြည်နယ် | တောင်ကုတ်(၁) | ဦးဝင်းမြင့် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၁၂၇၇၇ |
| ၆၂၉။ | ရခိုင်ပြည်နယ် | တောင်ကုတ်(၂) | ဦးမင်းအောင် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၁၅၈၁၂ |
| ၆၃၀။ | ကချင်ပြည်နယ် | မိုးညှင်း(၁) | ဦးတင်အေး | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၂၈၂၃၂ |
| ၆၃၁။ | ကချင်ပြည်နယ် | မိုးညှင်း(၂) | ဦးကျော်ကျော်ဝင်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၂၀၀၅၆ |
| ၆၃၂။ | တနင်္သာရီတိုင်းဒေသကြီး | ရေဖြူ(၁) | ဦးလှထွေး | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၁၇၈၄၂ |
| ၆၃၃။ | တနင်္သာရီတိုင်းဒေသကြီး | ရေဖြူ(၂) | ဦးကြည်စိုး | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၁၄၀၀၈ |
| ၆၃၄။ | တနင်္သာရီတိုင်းဒေသကြီး | ကရင် | ဦးစောလုကာ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၂၀၀၈၆ |

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရအမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

(ယမန်နေ့မှ အဆက်)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲ အရေ အတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၁၆၁။ | ကချင်ပြည်နယ် | အမှတ် (၂) | ဒေါ်ရှီလာနန်တောင် (ခ)အမ်နန်တောင် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၄၉၈၈၂ |
| ၁၆၂။ | ချင်းပြည်နယ် | အမှတ် (၁၀) | ဦးလားလ်မင်းထန် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၅၆၈၉ |
| ၁၆၃။ | တနင်္သာရီတိုင်းဒေသကြီး | အမှတ် (၁၂) | ဦးခင်မျိုးဝင်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၁၈၂၆၂ |

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

**(ကြေးမုံ)**

## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၇ တွင် ဖော်ပြပါရှိသော အနိုင်ရပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များစာရင်း အမှတ်စဉ်ကို ၂၇၅ မှ ၃၀၈ ထိဟု ပြင်ဆင်သိမှတ်ပေးပါရန်။

**(ကြေးမုံ)**

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ်( ၈၈/၂၀၁၅)

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးတင်ဦးယု | ၁/ ရကန(နိုင်) ၀၂၀၂၇၅ | ရွှေကူ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂) | ဦးမြသိန်း | ၁/ ရကန(နိုင်) ၀၀၃၅၁၄ | ရွှေကူ(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃) | ဦးတင်အေး | ၁/ မညန(နိုင်) ၀၆၈၂၅၇ | မိုးညှင်း(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄) | ဦးကျော်ကျော်ဝင်း | ၉/ ပမန(နိုင်) ၀၉၇၆၉၅ | မိုးညှင်း(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅) | ဒေါက်တာခက်အောင် | ၁/ မကန(နိုင်) ၀၃၂၀၉၁ | မြစ်ကြီးနား(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆) | ဦးနေဝင်း | ၁/ မကန(နိုင်) ၀၁၈၄၉၈ | မြစ်ကြီးနား(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **ကရင်ပြည်နယ်** | | | | |
| (၇) | ဒေါ်နန်းခင်ထွေးမြင့် | ၃/ ဘအန(နိုင်) ၀၂၅၆၁၅ | ဘားအံ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၈) | ဦးသန်းနိုင် | ၃/ ဘအန(နိုင်) ၀၂၇၃၈၂ | ဘားအံ(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၉) | ဦးတေဇထွဋ်လှိုင်ထွေး | ၃/ ဘအန(နိုင်) ၁၆၄၁၄၀ | ဗမာတိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၀) | ဦးမင်းတင်ဝင်း | ၃/ ဘအန(နိုင်) ၀၀၆၈၃၉ | မွန်တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၁) | ဦးခွန်မျိုးတင့် | ၃/ ဘအန(နိုင်) ၀၀၉၀၆၂ | ပအိုဝ်းတိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ချင်းပြည်နယ်** | | | | |
| (၁၂) | ဦးကံတင့် | ၄/ ပလဝ(နိုင်) ၀၀၀၆၁၉ | ပလက်ဝ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၃) | ဦးပြေမင်း | ၄/ ပလဝ(နိုင်) ၀၂၅၀၀၆ | ပလက်ဝ(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၄) | ဦးဟွန်းခဲန် | ၄/ မတပ(နိုင်) ၀၂၆၅၇၄ | မတူပီ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၅) | ဦးဝီကော | ၄/ မတန(နိုင်) ၀၁၆၃၀၆ | မတူပီ(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၁၆) | ဦးကျော်လင်း | ၅/ ကလန(နိုင်) ၀၂၄၁၁၁ | ကွန်းလှ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၇) | ဦးလှဖြိုး | ၅/ ကလန(နိုင်) ၀၀၁၀၀၉ | ကွန်းလှ(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၈) | ဒေါ်ဖြူဖြူဝင်း | ၅/ ကလတ(နိုင်)၀၀၄၇၂၃ | ကောလင်း(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၉) | ဦးတင်စိုး | ၅/ ဝသန(နိုင်) ၀၁၅၇၉၂ | ကောလင်း(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၀) | ဦးဗိုလ်သိန်း | ၅/ မလန(နိုင်) ၀၁၉၇၆၁ | မော်လိုက်(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၁) | ဦးလှိုင်မြင့် | ၅/ ကလထ(နိုင်)၀၂၈၀၄၇ | မော်လိုက်(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၂) | ဦးကာစီရန်း | ၅/ လရန(နိုင်) ၀၀၂၆၉၁ | လေရှီး(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၃) | ဦးရိထင် | ၅/ ဟမလ(နိုင်) ၀၅၂၉၉၁ | လေရှီး(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၄) | ဦးမိုးကျော်သူ | ၅/ ရဘန(နိုင်) ၀၄၈၀၄၉ | ရွှေဘို(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၅) | ဒေါက်တာမြင့်နိုင် | ၅/ ကဘလ(နိုင်)၀၀၅၃၃၈ | ရွှေဘို(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၆) | ဦးဝင်းရွှေ | ၅/ ဗမန(နိုင်) ၀၃၁၅၃၉ | ဗန်းမောက်(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၇) | ဦးညီညီဟန် | ၅/ ဗမန(နိုင်) ၀၂၀၄၄၃ | ဗန်းမောက်(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၈) | ဒေါ်သန့်ဝေကျော် | ၅/ ကလတ(နိုင်)၁၅၇၅၆၈ | ကလေး(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၉) | ဦးကမ်ဇာမုံ | ၁၃/ လရန(နိုင်) ၀၂၁၆၂၀ | ကလေး(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၀) | ဦးအောင်သန်းကျော် | ၅/ ကလဝ(နိုင်) ၀၀၀၇၁၉ | ကလေးဝ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၁) | ဦးမောင်ဝေ | ၅/ ကလဝ(နိုင်)၀၁၀၀၅၈ | ကလေးဝ(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၂) | ဦးစိုးဦး | ၁၂/ မဂဒ(နိုင်) ၀၆၁၅၈၆ | စစ်ကိုင်း(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၃) | ဒေါ်စုမြတ်ထက် | ၉/ မနတ(နိုင်) ၀၉၉၁၆၄ | စစ်ကိုင်း(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၄) | ဒေါ်ခင်မျိုးချစ် | ၅/ ကဘလ(နိုင်) ၁၀၁၇၄၄ | ကန့်ဘလူ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၅) | ဒေါက်တာ ကျော်သူဟန်ထွန်း | ၅/ ကဘလ(နိုင်) ၁၁၂၆၅၆ | ကန့်ဘလူ(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၆) | ဦးမြင့်မော် | ၅/ ထခန(နိုင်) ၀၄၅၅၂၇ | ထီးချိုင့်(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၇) | ဦးသိန်းဟန် | ၅/ ထခန(နိုင်) ၀၇၂၉၈၀ | ထီးချိုင့်(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၈) | ဦးသန်းညွန့် | ၅/ ဟမလ(နိုင်) ၀၄၇၆၇၂ | ဟုမ္မလင်း(၁) | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ (T.N.D.P) |
| (၃၉) | ဦးကျော်ဌေးလွင် | ၅/ ဟမလ(နိုင်) ၀၁၁၉၄၃ | ဟုမ္မလင်း(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၄၀) | ဦးတိုးလွင် | ၆/ မအရ(နိုင်) ၀၄၃၇၄၈ | ကျွန်းစု(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၁) | ဒေါက်တာထူးနေအောင် | ၆/ မမန(နိုင်) ၁၁၆၆၈၃ | ကျွန်းစု(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၂) | ဦးနေထွန်း | ၆/ကသန(နိုင်) ၀၁၂၂၀၆ | ကော့သောင်း(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၃) | ဦးမြင့်မောင် | ၁၂/ဗဟန(နိုင်) ၀၇၆၇၄၁ | ကော့သောင်း(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၄) | ဦးအောင်သူရ | ၆/ တသရ(နိုင်) ၀၁၉၀၈၁ | တနင်္သာရီ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၅) | ဦးရဲမြင့်ဆွေ | ၆/ မမန(နိုင်) ၁၂၅၀၈၉ | တနင်္သာရီ(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၆) | ဦးလှထွေး | ၆/ ရဖန(နိုင်) ၀၂၅၃၀၄ | ရေဖြူ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၇) | ဦးကြည်စိုး | ၆/ ရဖန(နိုင်) ၀၀၀၄၆၂ | ရေဖြူ(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၈) | ဦးစောလုကာ | ၆/ ထဝန(နိုင်) ၀၁၃၁၃၉ | ကရင်တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၄၉) | ဒေါ်ညွန့်ညွန့်ဌေး | ၇/ အဖန(နိုင်) ၀၁၄၆၇၅ | အုတ်ဖို(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅၀) | ဦးစောသူရအောင် | ၇/ အဖန(နိုင်) ၀၀၀၈၆၉ | အုတ်ဖို(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅၁) | ဦးအေးဝင်း | ၇/ မညန(နိုင်) ၀၅၀၃၇၆ | မိုးညို(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅၂) | ဦးဝင်းကို | ၇/ မညန(နိုင်) ၀၅၀၄၆၅ | မိုးညို(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅၃) | ဦးအောင်ကိုမင်း | ၇/ ကပက(နိုင်) ၀၆၃၄၆၀ | ကြို့ပင်ကောက်(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅၄) | ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် | ၇/ ကပက(နိုင်) ၀၅၄၇၃၈ | ကြို့ပင်ကောက်(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၅၅) | ဦးစိုင်းကျော်ဇော | ၉/ မနမ(နိုင်) ၀၂၃၇၃၉ | ရှမ်းတိုင်းရင်းသား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅၆) | ဦးအောင်ဆန်းဝင်း | ၉/ သပက(နိုင်) ၀၃၄၅၈၉ | သပိတ်ကျင်း(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅၇) | ဦးတင်မြင့်ဆွေ | ၉/ သပက(နိုင်) ၀၀၁၄၀၆ | သပိတ်ကျင်း(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **ရခိုင်ပြည်နယ်** | | | | |
| (၅၈) | ဦးကျော်လွင် | ၁၁/ ကဖန(နိုင်) ၀၃၉၈၅၄ | ကျောက်ဖြူ(၁) | ရခိုင်အမျိုးသားပါတီ |
| (၅၉) | ဦးဖိုးစံ | ၁၁/ ကဖန(နိုင်) ၀၀၅၇၄၄ | ကျောက်ဖြူ(၂) | ရခိုင်အမျိုးသားပါတီ |
| (၆၀) | ဦးစံကျော်လှ | ၁၁/ ပဏတ(နိုင်)၀၃၈၇၇၇ | ပုဏ္ဏားကျွန်း(၁) | ရခိုင်အမျိုးသားပါတီ |
| (၆၁) | ဦးအောင်သန်းတင် | ၁၁/ ပဏတ(နိုင်)၀၀၁၃၄၉ | ပုဏ္ဏားကျွန်း(၂) | ရခိုင်အမျိုးသားပါတီ |
| (၆၂) | ဦးသာထွန်းအောင် | ၁၁/ ပတန(နိုင်) ၀၀၂၇၃၂ | ပေါက်တော(၁) | ရခိုင်အမျိုးသားပါတီ |
| (၆၃) | ဦးအောင်ကျော်ထွီး | ၁၁/ ပတန(နိုင်) ၀၄၅၈၅၆ | ပေါက်တော(၂) | ရခိုင်အမျိုးသားပါတီ |
| (၆၄) | ဦးထွန်းလှစိန် | ၁၁/ မတန(နိုင်) ၀၁၁၁၄၀ | မောင်တော(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၆၅) | ဦးမောင်အုန်း | ၁၁/ မတန(နိုင်) ၀၀၉၈၂၀ | မောင်တော(၂) | ရခိုင်အမျိုးသားပါတီ |
| (၆၆) | ဦးဇော်ဇော်မြင့် | ၃/ ဘအန(နိုင်) ၀၇၃၁၀၃ | ဘူးသီးတောင်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၆၇) | ဦးထွန်းအောင်သိန်း | ၁၁/ဘသတ(နိုင်)၀၀၁၄၀၆ | ဘူးသီးတောင်(၂) | ရခိုင်အမျိုးသားပါတီ |
| (၆၈) | ဦးကျော်လွင် | ၁၁/ဘသတ(နိုင်)၀၀၀၉၆၆ | ရမ်းဗြဲ(၁) | ရခိုင်အမျိုးသားပါတီ |
| (၆၉) | ဦးသန်းမောင်ဦး | ၁၁/ ရဗန(နိုင်) ၀၀၄၅၂၅ | ရမ်းဗြဲ(၂) | ရခိုင်အမျိုးသားပါတီ |
| (၇၀) | ဦးဝင်းနိုင် | ၁၁/ သတန(နိုင်)၀၆၀၈၃၂ | သံတွဲ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၇၁) | ဦးနိုင်ကြွေအေး | ၁၁/ သတန(နိုင်)၀၀၆၀၀၃ | သံတွဲ(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၇၂) | ဦးစိုးဝင်း | ၁၁/ ဂမန(နိုင်)၀၂၄၉၇၆ | ဂွ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၇၃) | ဦးညီပု | ၁၁/ ဂမန(နိုင်) ၀၀၆၃၁၁ | ဂွ(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၇၄) | ဦးမောင်မောင်အုန်း | ၈/ ပခန(နိုင်) ၁၆၇၆၈၀ | အမ်း(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၇၅) | ဦးခင်မောင်ဌေး | ၁၁/ အမန(နိုင်)၀၄၇၈၃၂ | အမ်း(၂) | ရခိုင်အမျိုးသားပါတီ |
| (၇၆) | ဦးဝင်းမြင့် | ၁၁/တကန(နိုင်)၀၀၀၆၅၄ | တောင်ကုတ်(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၇၇) | ဦးမင်းအောင် | ၁၁/တကန(နိုင်)၀၄၆၆၄၁ | တောင်ကုတ်(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၇၈) | ဦးအောင်ဆန်းဝင်း | ၁၂/ မဘန(နိုင်) ၀၀၀၅၅၃ | မှော်ဘီ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၇၉) | ဦးသန်းအောင် | ၁၂/ မဘန(နိုင်) ၁၀၄၁၉၂ | မှော်ဘီ(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၈၀) | ဦးဝင်းမောင်(ခ) ဦးဦးဝင်းမောင် | ၁၁/ ရသတ(နိုင်)၀၃၅၉၀၁ | လှိုင်သာယာ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၈၁) | ဦးမြတ်မင်းသူ | ၁၄/ လပတ(နိုင်)၁၂၅၈၈၁ | လှိုင်သာယာ(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၈၂) | ဦးသန်းနိုင်ဦး | ၁၂/ ဥကမ(နိုင်)၀၆၁၁၀၇ | ပန်းဘဲတန်း(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၈၃) | ဒေါ်စိုးပပလှိုင် | ၁၂/သဃက(နိုင်)၀၃၅၇၀၅ | ပန်းဘဲတန်း(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၈၄) | ဒေါ်မြတ်မာလာထွန်း | ၁၂/ လကန(နိုင်)၁၁၀၉၀၆ | လှည်းကူး(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၈၅) | ဦးဖြိုးမင်းသိန်း | ၁၂/ ဒဂတ(နိုင်)၀၅၈၅၇၈ | လှည်းကူး(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၈၆) | ဒေါက်တာလင်းထွဋ် | ၁၃/ ကခန(နိုင်) ၀၀၁၅၄၄ | လားရှိုး(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၈၇) | ဦးအောင်သူ | ၁၃/ကဆက(နိုင်)၀၀၁၈၁၀ | လားရှိုး(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၈၈) | ဦးစိုင်းလှိုင်ခမ်း | ၁၃/ မယန(နိုင်) ၀၀၆၆၅၀ | မိုင်းယန်း(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ |
| (၈၉) | ဦးတင်ဝင်း | ၉/ ရမသ(နိုင်) ၀၃၉၄၃၁ | မိုင်းယန်း(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ |
| (၉၀) | ဦးအီးရှာမွေ | ၁၃/ မပတ(နိုင်) ၀၁၆၅၀၁ | မိုင်းပျဉ်း(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ |
| (၉၁) | ဦးစိုင်းလှဝင်း | ၁၃/ မခန(နိုင်) ၀၀၀၁၄၆ | မိုင်းပျဉ်း(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| (၉၂) | ဒေါက်တာထိန်ဝင်း | ၁၄/ ကကန(နိုင်) ၀၆၄၄၁၆ | ကျောင်းကုန်း(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၉၃) | ဦးခင်မောင်ဇော် | ၁၄/ ကကန(နိုင်) ၀၇၂၀၃၅ | ကျောင်းကုန်း(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ပွင့်လင်းမြင်သာမှုရှိသည်ဟု PJM ထုတ်ပြန်

**ရန်ကုန် နိုဝင်ဘာ ၁၄**

ငြိမ်းချမ်းမျှတ လူမှုအဖွဲ့အစည်း (Peace & Justice Myanmar)မှ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲသည် ၉၅ ရာခိုင်နှုန်းခန့် ပွင့်လင်းမြင်သာမှု ရှိပြီး မတ်လပထမပတ်အတွင်းတွင် ရွေးကောက်ပွဲဖြစ်စဉ် တစ်ရပ်လုံး၏ အပြီးသတ်အစီရင်ခံစာကို ထုတ်ပြန်သွားမည်ဟု နိုဝင်ဘာ ၁၄ ရက်က ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ပြုလုပ်ခဲ့သော ကနဦး အစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားမှ သိရသည်။

"ယခုအစီရင်ခံစာက ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်နဲ့ ရွေးကောက်ပွဲနေ့ မဲပေးခြင်းလုပ်ငန်းစဉ်တွေပေါ် စောင့်ကြည့်လေ့လာပြီး ကနဦးတွေ့ရှိချက်အဖြစ် ကျွန်မတို့ ထုတ်ပြန်တာပါ။ ရွေးကောက်ပွဲမတိုင်ခင် ကြိုတင်မဲပေးမှုဖြစ်စဉ်နဲ့ မဲဆန္ဒရှင်စာရင်းထုတ်ပြန်ချက်၊ မဲစာရင်းရလဒ်တွေကိုထုတ်ပြန်ရာမှာ ပွင့်လင်းမြင်သာမှုအားနည်းနေတာကို တွေ့ရှိခဲ့ရတယ်။ သို့သော်လည်း စောင့်ကြည့်လေ့လာချက်များအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့အတူ အများစုသော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က ပွင့်လင်းမြင်သာမှုရှိအောင်နဲ့ မဲပေးခြင်း ဖြစ်စဉ်ကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ခဲ့တာကိုတွေ့ရပါတယ်။ အနှစ်ချုပ် အကဲဖြတ်ချက်အရဆိုရင် ယခုရွေးကောက်ပွဲက ၉၅ ရာခိုင်နှုန်းခန့် ပွင့်လင်းမြင်သာမှုရှိပါတယ်။ အသေးစိတ်အချက်အလက်တွေကို စနစ်တကျစုစည်းသုံးသပ်ပြီး နောက်ဆုံးအစီရင်ခံစာကို ထပ်မံထုတ်ပြန်သွားမှာပါ"ဟု ငြိမ်းချမ်းမျှတ လူမှုအဖွဲ့အစည်းမှ ဒေါ်ရွှေရည်ဝင်းက ပြောသည်။


ယင်းအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်ပြည်ထောင်စုနယ်မြေများတွင် ကြိုတင်ဆန္ဒမဲပေးခြင်းအား နိုဝင်ဘာ ၅ ရက်မှ ၇ ရက်အတွင်း ၂၃၂ နေရာ၊ ရွေးကောက်ပွဲနေ့တွင် မြို့နယ်ပေါင်း ၁၆ မြို့နယ်မှ မဲရုံပေါင်း ၁၇၃ ရုံနှင့် မြို့နယ်ကော်မရှင်ရုံး ၁၃ ရုံးတို့တွင် မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်မဲများ ရေတွက်ခြင်းနှင့် သက်ဆိုင်ရာ ရပ်ကွက်များအလိုက် ရလဒ်များမှတ်တမ်းတင်ခြင်း စသည်တို့အား စောင့်ကြည့်လေ့လာခဲ့ကြသည်။

ယင်းအဖွဲ့တွင် ကာလတိုစောင့်ကြည့်လေ့လာသူ ၁၁၀၊ ကာလရှည်စောင့်ကြည့်လေ့လာသူ ၁၅ ဦး၊ တိုင်းဒေသကြီးတာဝန်ခံသုံးဦး စုစုပေါင်း ၁၂၈ ဦးဖြင့် စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ရွေးကောက်ပွဲပြီးနောက်ပိုင်း ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းခြင်းနှင့် ရွေးကောက်ပွဲခုံအဖွဲ့တို့၏ လုပ်ငန်းစဉ်များကိုလည်း ဆက်လက်စောင့်ကြည့်လေ့လာသွားမည်ဟု သိရသည်။

**(ခင်ဇာလီ)**

■


# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




| | | | | | |
|---|---|---|---|---|---|
| NLD | - | ၂၅၃ | ဦး | = | ၅၇.၅၀ % |
| USDP | - | ၂၉ | ဦး | = | ၆.၅၉ % |
| WDP | - | ၁ | ဦး | = | ၀.၂၃ % |
| KSDP | - | ၁ | ဦး | = | ၀.၂၃ % |
| SNLD | - | ၁၂ | ဦး | = | ၂.၇၃ % |
| ANP | - | ၈ | ဦး | = | ၁.၈၂ % |
| KDUP | - | ၁ | ဦး | = | ၀.၂၃ % |
| ZCD | - | ၂ | ဦး | = | ၀.၄၅ % |
| PNO | - | ၃ | ဦး | = | ၀.၆၈ % |
| TNP | - | ၃ | ဦး | = | ၀.၆၈ % |
| IC | - | ၁ | ဦး | = | ၀.၂၃ % |
| L.N.P.P | - | ၁ | ဦး | = | ၀.၂၃ % |
| DSPC | - | ၁၁၀ | ဦး | = | ၂၅ % |
| CUP | - | ၈ | ဦး | = | ၁.၈၁ % |
| TNH | - | ၇ | ဦး | = | ၁.၅၉ % |

**ရှင်းလင်းချက်။** ။ ရွေးချယ်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် - ၃၃၀ ဦး
တပ်မတော်သားကိုယ်စားလှယ် - ၁၁၀ ဦး
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း - ၄၄၀ ဦး

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




| | | | | | |
|---|---|---|---|---|---|
| NLD | - | ၁၃၄ | ဦး | = | ၅၉.၈၂ % |
| USDP | - | ၁၂ | ဦး | = | ၅.၃၆ % |
| IC | - | ၂ | ဦး | = | ၀.၉၀ % |
| ZCD | - | ၂ | ဦး | = | ၀.၉၀ % |
| PNO | - | ၁ | ဦး | = | ၀.၄၅ % |
| SNLD | - | ၃ | ဦး | = | ၁.၃၃ % |
| MNP | - | ၁ | ဦး | = | ၀.၄၅ % |
| ANP | - | ၇ | ဦး | = | ၃.၁၂ % |
| TNP | - | ၁ | ဦး | = | ၀.၄၅ % |
| DSPC | - | ၅၆ | ဦး | = | ၂၅ % |
| CUP | - | ၅ | ဦး | = | ၂.၂၂ % |


ရှင်းလင်းချက် ။ ။ ရွေးချယ်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ် - ၁၆၈ ဦး
တပ်မတော်သားကိုယ်စားလှယ် - ၅၆ ဦး
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း - ၂၂၄ ဦး

**ရှင်းလင်းချက်**


- ANP = ရခိုင်အမျိုးသားပါတီ
- NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
- TNP = တအာင်း(ပလောင်)အမျိုးသားပါတီ
- USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
- KDUP = ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ
- KSDP = ကချင်ပြည်နယ် ဒီမိုကရေစီပါတီ
- WDP = "ဝ" ဒီမိုကရက်တစ်ပါတီ
- L.N.P.P = လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)
- SNLD = ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
- ZCD = ဇိုမီး ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
- PNO = ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ
- MNP = မွန်အမျိုးသားပါတီ
- IC = Independent Candidate(တစ်သီးပုဂ္ဂလ)
- DSPC = Defence Services Personnel Candidates (တပ်မတော်သားကိုယ်စားလှယ်)
- CUP = Counting Under Process (ရေတွက်ဆဲ)
- TNH = Township where could not be held (ရွေးကောက်ပွဲမကျင်းပဖြစ်သည့် မဲဆန္ဒနယ်)

## ပြည်တွင်းရေးရာ


### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် ၄၀ မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် ၅၆ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များမဲရရှိမှုအခြေအနေ




### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် ၅၆ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ် ၅၂ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ် ၆၂ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် ၅၀ မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ် ၂၀ မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ရှမ်းပြည်နယ်မဲဆန္ဒနယ် ၉၆ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





**ရှင်းလင်းချက်**


| | | |
|---|---|---|
| NLD | - | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| USDP | - | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| SNLD | - | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| WDP | - | "ဝ" ဒီမိုကရက်တစ်ပါတီ |
| KDUP | - | ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ |
| PNO | - | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ |
| ANDP | - | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| WNUP | - | "ဝ"အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ |
| L.N.P.P | - | လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) |
| DP | - | ဒီမိုကရက်တစ်ပါတီ (မြန်မာ) |
| T.N.D.P | - | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| TNP | - | တအာင်း(ပလောင်)အမျိုးသားပါတီ |
| TNH | - | Township where could not be held (ရွေးကောက်ပွဲမကျင်းပဖြစ်သည့် မဲဆန္ဒနယ်) |
| LHNDP | - | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| CUP | - | Counting Under Process (ရေတွက်ဆဲ) |
| IC | - | Independent Candidate (တစ်သီးပုဂ္ဂလ) |

## ပြည်တွင်းရေးရာ


### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကချင်ပြည်နယ်မဲဆန္ဒနယ် ၄၂ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကယားပြည်နယ်မဲဆန္ဒနယ် ၁၄ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကရင်ပြည်နယ်မဲဆန္ဒနယ် ၁၄ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ချင်းပြည်နယ်မဲဆန္ဒနယ် ၁၈ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မွန်ပြည်နယ်မဲဆန္ဒနယ် ၂၀ မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ရခိုင်ပြည်နယ်မဲဆန္ဒနယ် ၂၄ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




**ရှင်းလင်းချက်**

KSDP = ကချင်ပြည်နယ် ဒီမိုကရေစီပါတီ
KPP = ကရင်ပြည်သူ့ပါတီ
MNP = မွန်အမျိုးသားပါတီ
ZCD = ဇိုမီး ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
UDPKS = စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက)
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
SNLD = ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
AMRDP = မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ
ANP = ရခိုင်အမျိုးသားပါတီ
L.N.P.P = လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)
IC = Independent Candidate(တစ်သီးပုဂ္ဂလ)
CUP = Counting Under Process(ရေတွက်ဆဲ)

## နိုဝင်ဘာ ၉ ရက်မှ ၁၄ ရက်နေ့ ညနေ ၄ နာရီအထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အတည်ပြုထုတ်ပြန်သည့် အနိုင်ရပါတီစာရင်း

| ပါတီ တံဆိပ် | အနိုင်ရပါတီအမည် | ပြည်သူ့ လွှတ်တော် | အမျိုးသား လွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ်(တိုင်းရင်းသား လူမျိုး)လွှတ်တော် |
|---|---|---|---|---|---|
| | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၃ ဦး | ၁၃၄ ဦး | ၄၆၉ ဦး | ၁၅ ဦး |
| | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၉ ဦး | ၁၂ ဦး | ၇၀ ဦး | ၂ ဦး |
| | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် | ၂ ဦး | ၂ ဦး | ၂ ဦး | - |
| | "ဝ"ဒီမိုကရက်တစ်ပါတီ | ၁ ဦး | - | ၂ ဦး | - |
| | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | ၁ ဦး | - | ၃ ဦး | - |
| | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် | ၁၂ ဦး | ၃ ဦး | ၂၆ ဦး | - |
| | ကရင်ပြည်သူ့ပါတီ | - | - | ၁ ဦး | - |
| | မွန်အမျိုးသားပါတီ | - | ၁ ဦး | ၂ ဦး | - |
| | တစ်သီးပုဂ္ဂလ | ၁ ဦး | ၂ ဦး | ၁ ဦး | ၁ ဦး |
| | ရခိုင်အမျိုးသားပါတီ | ၈ ဦး | ၇ ဦး | ၁၄ ဦး | ၁ ဦး |
| | ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ | ၁ ဦး | - | ၁ ဦး | - |
| | စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ၊ ကချင်ပြည်နယ်(စဒက) | - | - | ၁ ဦး | - |

| ပါတီ တံဆိပ် | အနိုင်ရပါတီအမည် | ပြည်သူ့ လွှတ်တော် | အမျိုးသား လွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ်(တိုင်းရင်းသား လူမျိုး)လွှတ်တော် |
|---|---|---|---|---|---|
| | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ | ၃ ဦး | ၁ ဦး | ၆ ဦး | - |
| | တအာင်း(ပလောင်)အမျိုးသားပါတီ | ၃ ဦး | ၁ ဦး | ၇ ဦး | - |
| | ဒီမိုကရက်တစ်ပါတီ(မြန်မာ) | - | - | ၁ ဦး | - |
| | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | - | - | ၁ ဦး | - |
| | "ဝ"အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ | - | - | ၁ ဦး | - |
| | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ ဦး | ၁ ဦး |
| | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | ၁ ဦး | - | ၁ ဦး | ၁ ဦး |
| | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | - | ၁ ဦး |
| | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ(TNDP) | - | - | ၁ ဦး | - |
| | စုစုပေါင်း | ၃၁၅ ဦး | ၁၆၃ ဦး | ၆၁၂ ဦး | ၂၂ ဦး |

# လိုသည်ထက်ပိုဖြတ်တောက်မှာ မဟုတ်တဲ့ ၂၀၁၈ ကမ္ဘာ့ဖလားဘတ်ဂျက်




ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပြိုင်ပွဲအတွက် အသုံးပြုမယ့် ဘတ်ဂျက်ငွေကို လိုသည်ထက်ပိုဖြတ်တောက်သွားမှာမဟုတ်တဲ့အကြောင်း ရုရှားနိုင်ငံ အားကစားဝန်ကြီး ဗိုက်တယ်လီမူကိုရဲ့ ပြောကြားချက်ကို ကိုးကား၍ တီအေအက်စ်အက်စ်သတင်းအေဂျင်စီက သတင်းဖော်ပြသွားခဲ့ပါတယ်။

ဒါ့အပြင် ရုရှားအစိုးရအနေနဲ့ကလည်း သူတို့အနေနဲ့ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမယ့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ သုံးစွဲရန်လိုအပ်နေတဲ့ ဘတ်ဂျက်ငွေနဲ့ ပတ်သက်ပြီး အမေရိကန်ဒေါ်လာ ၁၇၅ သန်းအထိ တိုးမြှင့်သုံးစွဲသွားဖို့လည်း ပြီးခဲ့တဲ့လကတည်းက အဆိုပြုထားတဲ့အကြောင်း ရုရှားဘောလုံးသမဂ္ဂဥက္ကဋ္ဌနဲ့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)အမှုဆောင်ကော်မတီဝင်တစ်ဦးဖြစ်သူ မူတိုက အတိအလင်းကြေညာထားခဲ့ပြီးလည်းဖြစ်ပါတယ်။

ရုရှားအစိုးရဟာ ယခုနှစ် ဒုတိယသုံးလတာကာလအတွင်း ရုရှားနိုင်ငံရဲ့ စီးပွားရေး ၄ ဒသမ ၆ ရာခိုင်နှုန်းအထိ လျော့ကျခဲ့ပြီး ဇွန်လအတွင်းကလည်း ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဟိုတယ်အများအပြားစီစဉ်ထားမှုကို ဖျက်သိမ်းကာ ၂၀၁၈ ကမ္ဘာ့ဖလားဘတ်ဂျက်ထဲကနေ အမေရိကန်ဒေါ်လာ ၄၅၉ သန်းကိုလည်း ဖြတ်တောက်ခဲ့ပါတယ်။

တီအေအက်စ်အက်စ်သတင်းအေဂျင်စီရဲ့ သတင်းရေးသားဖော်ပြမှုအရ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပြင်ဆင်မှုတစ်ရပ်ဖြစ်တဲ့ ရုရှားနိုင်ငံတစ်ဝန်းမှာ စီစဉ်ထားခဲ့သော ပြိုင်ပွဲအကြိုလေ့ကျင့်ရေးကွင်းအရေအတွက်ကိုလည်း ၄၈ ကွင်းကနေ ၃၇ ကွင်းအထိ လျှော့ချခဲ့တယ်လို့ သိရပါတယ်။

ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အသင်းပေါင်း ၃၂ သင်း ပါဝင်ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး ဇုန်အလိုက်ခြေစစ်ပွဲအောင်မြင်ခဲ့တဲ့ အသင်းတွေထဲကနေ အသင်းပေါင်း ၃၁ သင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမှာလည်း ဖြစ်ပါတယ်။ အဲဒီမှာ ရုရှားအသင်းကတော့ အိမ်ရှင်ဖြစ်တဲ့ အားသာချက်တစ်ခုကြောင့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ တိုက်ရိုက်ဝင်ခွင့်ရရှိမှာလည်း ဖြစ်ပါတယ်။

[ငွေကြယ်]

# မန်စီးတီးကို ပြောင်းရွှေ့ခဲ့ခြင်းက ကြီးမားသော အကျိုးကျေးဇူးကိုရရှိစေခဲ့ဟု စတာလင်း ယုံကြည်




လီဗာပူးမှ ထွက်ခွာကာ မန်စီးတီးသို့ပြောင်းရွှေ့ခဲ့ခြင်းက သူ၏တစ်ဦးချင်း ခြေစွမ်းတိုးတက်မှုအပြင် လက်ရွေးစင်အသင်းအတွက်ပါ ကြီးမားသည့် အကျိုးကျေးဇူးကို ဖြစ်ထွန်းစေခဲ့ကြောင်း မန်စီးတီးတောင်ပံတိုက်စစ်မှူး ရီဟမ်စတာလင်းက ထုတ်ဖော်ပြောကြားခဲ့သည်။

စတာလင်းသည် ပြီးခဲ့သည့် ဇူလိုင်လတွင် မန်စီးတီးသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ခြေစွမ်းပိုမိုတိုးတက်လာသည်ကို ပရိသတ်များအနေဖြင့် အထင်အရှားမြင်တွေ့ကြရမည်ဖြစ်သည်။ မန်စီးတီးမှာ အသက်(၂၀)အရွယ် စတာလင်းအတွက် ပြောင်းရွှေ့ကြေး ပေါင် ၄၉ သန်းအထိ အသုံးပြုခဲ့သည့်အတွက် အင်္ဂလန်ကစားသမားများထဲတွင် တန်ဖိုးအကြီးဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ထားသူဖြစ်သည်။

စတာလင်းက မန်စီးတီးတွင် ဒေးဗစ်ဆေးလ်ဗား၊ ဂျိုးဟတ်၊ အဂူရို၊ ကွန်ပနီစသော အတွေ့အကြုံရင့်ကျက်နေသည့် ကစားသမားများနှင့် တွဲဖက်ကစားနေရသည့်အတွက် သူ၏ခြေစွမ်းတိုးတက်မှုအပေါ် များစွာအထောက်အပံ့ဖြစ်ခဲ့ကြောင်း၊ သို့သော်ယခုလက်ရှိအချိန်တွင် ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်တွင် ရပ်တည်နေသော မန်စီးတီးထက် ပွဲစဉ်တိုင်းအနိုင်ရကာ ယူရို -၂၀၁၆ ခြေစစ်ပွဲအောင်ထားသော အင်္ဂလန်အတွက် သူ့အနေဖြင့် ပိုမိုတာဝန်ကြီးသည်ဟု ခံစားနေရကြောင်း၊ အားလပ်သည့်အချိန်များတွင် လူမှုမီဒီယာများအသုံးပြုခြင်းကို မနှစ်သက်ခြင်းမှာ ဝေဖန်မှုများကို ဖတ်ရှုရသည့်အခါ စိတ်အနှောင့်အယှက်ဖြစ်ရ၍ ဖြစ်ကြောင်း ဆိုခဲ့သည်။

စတာလင်းသည် ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက် ဖွင့်လှစ်ချိန်ကတည်းက လီဗာပူးမှထွက်ခွာခွင့် တောင်းဆိုခဲ့ရာ အားကစားလောကအသိုင်းအဝိုင်းမှ နာမည်ကျော်ပုဂ္ဂိုလ်များ၏ ပြင်းပြင်းထန်ထန်ဝေဖန်မှုကို ခံခဲ့ရသည်။ သို့သော် မန်စီးတီးသို့ ရောက်ရှိလာပြီးနောက်ပိုင်း ခြေစွမ်းတိုးတက်လာမှုကြောင့် ဝေဖန်မှုများအားလုံးကိုနှုတ်ဆိတ်သွားစေခဲ့သူဖြစ်သည်။

# စီရိုနယ်လ်ဒို ဘာလဲ၊ ဘယ်လဲ




မေလဲ့သင်း – ရေးသားသည်

ချယ်လ်ဆီးအသင်းပိုင်ရှင် ရိုမန်အေဗရာမိုဗစ်ချ်က ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုကို ယူရိုသန်း၁၀၀ကျော် အသုံးပြုပြီးခေါ်ယူဖို့ ပြင်ဆင်လာတယ်လို့ ဂိုးဒေါ့ကွန်းက ဖော်ပြပါတယ်။ ရီးယဲလ်ကြယ်ပွင့်က လာမယ့်ဖေဖော်ဝါရီလမှာ အသက်(၃၁)နှစ်ပြည့်မှာ ဖြစ်ပေမယ့် အခုထိခြေစွမ်းထက်မြက်နေဆဲ ကမ္ဘာ့အကောင်းဆုံးကစားသမားကို မန်ယူ၊ ပီအက်စ်ဂျီ တို့ကခေါ်ယူဖို့ အသည်းအသန်ကြိုးပမ်းနေကြသလို အခုဆို ချယ်လ်ဆီးကပါ စီရိုနယ်လ်ဒိုအား ခေါ်ယူချင်တဲ့ ဒီပြိုင်ပွဲထဲကို ဝင်ရောက်လာခဲ့ပါပြီ။ စပိန်သတင်းစာ မာကာရဲ့ဖော်ပြချက်အရ ချယ်ဆီးကို မော်ရင်ဟို ဆက်လက် ကိုင်တွယ်သည်ဖြစ်စေ၊ မကိုင်တွယ်သည်ဖြစ်စေ စီရိုနယ်လ်ဒိုကိုတော့ မရရအောင်ခေါ်ယူဖို့ မိုဗစ်ချ်က ညွှန်ကြားချက် ပေးထားပြီးဖြစ်ပါတယ်။

စီရိုနယ်လ်ဒိုအနေနဲ့ ချယ်လ်ဆီးကိုရောက်ရှိနိုင်မယ့် တစ်ခုတည်းသော နည်းလမ်းကတော့ အေးဂျင့်ဂျော့မန်းဒက်ဇ်ပဲ ဖြစ်ပါတယ်။ ဂျော့မန်းဒက်ဇ်က ဖယ်လ်ကာအို၊ ကော်စတာနဲ့ ဖိလစ်ပီလုဇ်တို့လို နာမည်ကျော်ကစားသမားတွေကို ချယ်လ်ဆီးအသင်းနဲ့ စာချုပ်ချုပ်ဖြစ်အောင် ချိတ်ဆက်ပေးခဲ့တဲ့ အဓိက ဇာတ်ကောင်ဖြစ်ပါတယ်။ မိုဗစ်ချ်ကတော့ စီရိုနယ်လ်ဒိုရဲ့ ပုံရိပ်အသုံးပြုခကရမယ့် အကျိုးအမြတ်ရယ်၊ အရင်ကတည်းကလည်း ပရီမီယာလိဂ်မှာ အောင်မြင်တဲ့ ကစားသမားဘဝကိုတည်ဆောက်နိုင်သူဖြစ်တာကြောင့် လာမယ့်နွေဈေးကွက်မှာ အရခေါ်ယူနိုင်ဖို့ ကြိုးစားနေတာဖြစ်ပါတယ်။

ဒါ့အပြင် ချယ်လ်ဆီးက လာမယ့်နွေမှာ မာတစ်၊ အော်စကာနဲ့ ဟာဇက်တို့ကို ထုတ်ရောင်းရင် အနည်းဆုံးယူရိုသန်း၂၀၀လောက် ရမှာဖြစ်လို့ စီရိုနယ်လ်ဒိုကိုခေါ်ယူဖို့ ငွေကြေးအလုံအလောက်ရှိတယ်လို့လည်း သိရပါတယ်။ ဒါပေမယ့် စီရိုနယ်လ်ဒိုက ရီးယဲလ်နဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကလည်း ၂၀၁၈ ခုနှစ် မှ ကုန်ဆုံးမှာဖြစ်ပြီး ဇီဒန်းလို ရီးယဲလ်မှာပဲ ကစားသမားဘဝကို အဆုံးသတ်မှာဖြစ်တာကြောင့် ဘယ်အသင်းရဲ့ ကမ်းလှမ်းမှုကိုမှ လက်ခံမှာမဟုတ်ပါဘူးလို့ တုံ့ပြန်ခဲ့ပါတယ်။ စီရိုနယ်လ်ဒိုက သူဟာနောက်ခြောက်နှစ်၊ ခုနစ်နှစ်လောက်အထိ အကောင်းဆုံး ခြေစွမ်းကို ဆက်ထိန်းနိုင်ဦးမယ်လို့ ယုံကြည်ထားပြီး အမေရိကန်မေဂျာလိဂ်၊ ဒူဘိုင်းလိဂ်တွေမှာတော့ ကစားသမားဘဝကို ကုန်ဆုံးမှာမဟုတ်ဘူးလို့ ဆိုခဲ့ပါတယ်။

"ကျွန်တော်ဟာ ဂုဏ်သိက္ခာရှိရှိနဲ့ အားကစားလောကကိုနှုတ်ဆက်မှာဖြစ်လို့ အမေရိက၊ ဒူဘိုင်းစတဲ့လိဂ်တွေမှာ ကစားသွားဖို့ရည်ရွယ်ချက်မရှိပါဘူး။ ပြီးတော့ အခုရီးယဲလ်မှာ ကစားရတာ သက်သောင့်သက်သာရှိသလို ပျော်လည်းပျော်နေတဲ့အတွက် အခြားဘယ်အသင်းကိုမှ ပြောင်းရွှေ့ဖို့ အစီအစဉ်မရှိပါဘူး။ ဒါ့အပြင် ကစားသမားဘဝက အနားယူရင် နည်းပြလုပ်ဖို့လည်း အစီအစဉ်မရှိပါဘူး။ ကျွန်တော့်ရဲ့ ကိုယ်ပိုင်အမှတ်တံဆိပ်နဲ့ထုတ်တဲ့ အဝတ်အထည်ပစ္စည်းတွေနဲ့ အခြားဖက်ရှင်တွေအတွက်ပဲ အားထည့်လုပ်ဆောင်သွားမှာပါ"လို့ စီရိုနယ်လ်ဒိုက ဆိုခဲ့ပါတယ်။

ဒါပေမယ့် ဒေးဗစ်ဘက်ခမ်းကတော့ သူ့စိတ်ထင် စီရိုနယ်လ်ဒိုက မန်ယူမှာပဲ ကစားသမားဘဝကို အဆုံးသတ်သွားမယ်လို့ ထင်မြင်ချက်ပေးခဲ့ပါတယ်။ စီရိုနယ်လ်ဒိုက ၂၀၁၆နောက်ပိုင်းကျမှသာလျှင် သူဟာ ရီးယဲလ်မှာဆက်နေမလား။ ဒါမှမဟုတ် အသင်းပြောင်းမှာလားဆိုတဲ့ အနာဂတ်ကိစ္စရပ်ကို အသေအချာစဉ်းစားသွားမယ်လို့ အခုနောက်ဆုံးပြောကြားလိုက်ပါတယ်။ ဒါ့ကြောင့် ခေါ်ချင်တဲ့ အသင်းတွေ ဝိုင်းဝိုင်းလည်နေတဲ့ စီရိုနယ်လ်ဒို ဘာလဲ၊ ဘယ်လဲဆိုတဲ့အဖြေက. . .။

# မက်ဆီနှင့် စီရိုနယ်လ်ဒိုတို့ထက် နေမာခြေစွမ်းပိုကောင်း

ကိန်းဂဏန်း အချက်အလက်များအရ ဘရာဇီးအသင်းခေါင်းဆောင် နေမာ၏လက်ရှိခြေစွမ်းမှာ ကမ္ဘာ့အကောင်းဆုံး ကစားသမားနှစ်ဦးအဖြစ် လက်ခံထားသော မက်ဆီနှင့် စီရိုနယ်လ်ဒိုတို့၏ ခြေစွမ်းထက်များစွာသာလွန်သည်ကို အထင်အရှားတွေ့ရှိရမည်ဖြစ်ကြောင်း ဘရာဇီးလက်ရွေးစင်အသင်းနည်းပြ ဒွန်ဂါက ထုတ်ဖော်ပြောကြားခဲ့သည်။ လက်ရှိတွင်မက်ဆီမှာ ဒဏ်ရာပြဿနာကြုံတွေ့နေရပြီး စီရိုနယ်လ်ဒိုကမူ သူ၏အကောင်းဆုံးပုံစံကို ဆက်ထိန်းထားနိုင်ရန်ကြိုးပမ်းနေဆဲဖြစ်သည်။

"ခင်ဗျားတို့အခု ကိန်းဂဏန်းအချက်အလက်တွေကိုပဲ ကြည့်ရင် နေမာက အကောင်းဆုံးပုံစံမှာ ရှိနေတယ်ဆိုတာ ငြင်းလို့ရနိုင်မယ်မထင်ဘူး။ သူက ဘာကာကိုရောက်တဲ့ ၂၀၁၃ ကတည်းက တောက်လျှောက်ခြေစွမ်းတွေတက်လာပြီး မက်ဆီမကစားနိုင်တဲ့အချိန်မှာ အသင်းရဲ့ ရလဒ်တွေ ကြီးကြီးမားမား မပြောင်းလဲနိုင်အောင် ဦးဆောင်ထားနိုင်တယ်။ အခုလက်ရှိခြေစွမ်းအရဆို နေမာကသာ ကမ္ဘာ့အကောင်းဆုံးကစားသမားဖြစ်တယ်ဆိုတာ ဘယ်သူမှ ငြင်းလို့ရမယ်မထင်ပါဘူး" ဟု ဒွန်ဂါကဆိုခဲ့သည်။



# လူသတ်မှုကျူးလွန်ကာ ထွက်ပြေးတိမ်းရှောင်လာသည်ဟု ယူဆရသူအား လားရှိုး၌ ဖမ်းဆီးရမိ

**လားရှိုး နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါခရိုင် စဥ့်အင်ကျေးရွာအုပ်စု နမ့်အွန်ကျေးရွာတွင် မန္တလေးမြို့၌ လူသတ်မှုကျူးလွန်ကာ လားရှိုးဘက်သို့ ထွက်ပြေးတိမ်းရှောင်လာသူသည်ဟု ယူဆရသူအား နိုဝင်ဘာ ၁၃ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် ရဲတပ်ဖွဲ့ဝင်များက လုံးထွေးသတ်ပုတ် ဖမ်းဆီးရမိခဲ့ကြောင်း ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၈ ရက် ညနေ ၆ နာရီခွဲခန့်က မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ငယ်တိုးကျေးရွာအုပ်စု မန္တလေး-စစ်ကိုင်းသွားကားလမ်း တံတားဖြူအနီး လမ်းယာဘက်ဘေးရေစပ်တွင် အမျိုးသမီးတစ်ဦး သေဆုံးနေကြောင်း သတင်းအရ အမရပူရမြို့မရဲစခန်းမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ သေဆုံးသူအမျိုးသမီးမှာ အသက်(၂၅)နှစ်ခန့်ဖြစ်ပြီး စောင်ပတ်လျက် ပက်လက်အနေအထားဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း၊ ဆက်လက်စုံစမ်းရာ သေဆုံးသူအမျိုးသမီးမှာ မဝေမီထွန်းဆိုသူဖြစ်ပြီး ၎င်း၏ခင်ပွန်းဖြစ်သူ ဦးစိုးကျော် (ခ) ဦးလောက်တာ (ခ) တရုတ်ကြီး(ခ)မင်းသားကြီး (ခ)တာကော ကျောက်အရောင်းအဝယ်လုပ်ကိုင်သူကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း၊ ၎င်းသည် 7F/××××× အဖြူရောင်ယာဉ်ဖြင့် လားရှိုးဘက်သို့ ထွက်ပြေးတိမ်းရှောင်နေကြောင်း စုံစမ်းသိရှိရသည့်အတွက် ဆက်လက်စုံစမ်းရှာဖွေခဲ့ရာ နိုဝင်ဘာ ၁၃ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် သီပေါ-လားရှိုးအဝေးပြေး လမ်းမကြီးပေါ်ရှိ ရွှေပိတောက်စားသောက်ဆိုင်၌ တွေ့ရှိရ၍ ဝင်ရောက်ဖမ်းဆီးစဉ် ၎င်းက ခွေးဘီလူးကားပေါ်တက်ကာ မောင်းနှင်ထွက်ပြေးရန် ကြိုးပမ်းခဲ့သဖြင့် လုံးထွေးဖမ်းဆီးခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးစိုးကျော် (ခ) ဦးလောက်တာ (ခ) တရုတ်ကြီး (ခ) မင်းသားကြီး (ခ) တာကောအား လားရှိုးမြို့မရဲစခန်းတွင် ထိန်းသိမ်းထားရှိပြီး အမရပူရမြို့မရဲစခန်းသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**




# ကျောင်းသားများလိုက်ပါလာသည့်ယာဉ် အရှိန်လွန်တိမ်းမှောက်

**ပဲခူး နိုဝင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကြီးမြို့တောင်ဘက် ရိုးရှည်တံတားအနီး ရန်ကုန်-မန္တလေး လမ်းဟောင်း မိုင်တိုင်အမှတ်(၅၉/၀)နှင့်(၅၉/၁) အကြားတွင် ပဲခူးမြို့နယ် ဘုရားကြီးမြို့ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ စီးနင်းလိုက်ပါလာသော ယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ကောင်းမြတ်နိုင်(၂၀)နှစ် ရပ်ကွက်ကြီး (၅) (၁၇)ရပ်ကွက် ပဲခူးမြို့နေသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် သော်ဇင်အောင် အသက်(၁၆)နှစ် လိုက်ပါလာသည့် 5F /..... MAZDA အမျိုးအစား အမှတ်(၁) ယာဉ်လိုင်းမှ ယာဉ်သည် နိုဝင်ဘာ ၁၁ ရက် ညနေ ၄ နာရီခန့်က ဘုရားကြီးမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာစဉ် ကွန်ကရစ်လမ်းပေါ်မှ ဘေးသို့ကျပြီး အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်သို့ တိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ဘုရားကြီးမြို့ အထက်တန်းကျောင်းမှ မအေးအေးငြိမ်း (၁၅)နှစ် (နဝမတန်း၊ အထက-ဘုရားကြီး ရွှေတန်အနောက်ကျေးရွာ)နှင့် ကျောင်းသားကျောင်းသူ ၁၂ ဦး၊ ယာဉ်မောင်း အပါအဝင် စုစုပေါင်း ၁၄ ဦးတို့ ဒဏ်ရာရရှိခဲ့သဖြင့် ယာဉ်ထိန်းရဲတပ်ကြပ်ကြီး ကျော်နိုင်ထွန်းနှင့် ဘုရားကြီးနယ်မြေရဲစခန်းမှ ဒုရဲအုပ်လှဘုန်းဦးစီးရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူများ ပူးပေါင်း၍ ပဲခူးမြို့ဆေးရုံကြီးသို့ အချိန်မီတင်ပို့ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဘုရားကြီးနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **သီဟရာဇာ(ဘုရားကြီး)**

# ကားကိုကျော်တက်ရာမှ ဆိုင်ကယ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်

**ပဲခူး နိုဝင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မယင်းကျေးရွာအနီး ရန်ကုန်-မန္တလေး လမ်းဟောင်း မိုင်တိုင်အမှတ်(၅၇ /၇)နှင့်(၅၈)ကြားတွင် နိုဝင်ဘာ ၁၃ ရက် ညနေ ၆ နာရီ ၁၅ မိနစ်က ပဲခူးမြို့မှဘုရားကြီးမြို့သို့ ဖြိုးကိုကို မင်းလမ်း ဘုရားကြီးမြို့နေသူမောင်းနှင်ပြီး မောင်ဇင်မျိုးအောင် တောစွန်းကျေးရွာနေသူ လိုက်ပါလာသည့် HONDA wave 100 အမျိုးအစား ၉ယ/----- ခဲရောင်ဆိုင်ကယ်သည် ရှေ့မှမောင်းနှင်နေသော မော်တော်ယာဉ်အား ကျော်တက်စဉ် မျက်နှာချင်းဆိုင်ဘက်မှ (စုံစမ်းဆဲ)မောင်းနှင်လာသည့် HONDA wave 125 အမျိုးအစားအပြာရောင် ၃၃ ယ/----- ဆိုင်ကယ်နှင့် ပြင်းထန်စွာတိုက်မိခဲ့သည်။ အဆိုပါဖြစ်စဉ်ကြောင့် မောင်ဖြိုးကိုကိုမှာ နေရာတွင်သေဆုံးပြီး (စုံစမ်းဆဲ)သူမှာ ပဲခူးဆေးရုံကြီးအရောက် သေဆုံးသွားကာ မောင်ဇင်မျိုးအောင်မှာ ပွန်းပဲ့ဒဏ်ရာရရှိသဖြင့် ဘုရားကြီးနယ်မြေရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်လှဖုန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သီဟရာဇာ (ဘုရားကြီး)**

# လှိုင်ကော်မြို့၌ လျှပ်စစ်ပစ္စည်းဆိုင်သိုလှောင်ခန်း CCTV ကင်မရာ ဝါယာရှော့ခ်ဖြစ်ရာမှ မီးလောင်မှုဖြစ်

**လွိုင်ကော် နိုဝင်ဘာ ၁၄**

လွိုင်ကော်မြို့ မင်းစုရပ်ကွက် မီးပွိုင့်အနီး Techno World လျှပ်စစ်ပစ္စည်းဆိုင် သိုလှောင်ခန်း၌ နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီ ၂၂ မိနစ်က CCTV ကင်မရာ ဝါယာရှော့ခ်ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားရာ ပြည်နယ်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်သော သန္တေတပ်ဖွဲ့ဝင် ၁၈ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀၊ မီးငြိမ်းသတ်ယာဉ်လေးစီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီးနှင့် ပြည်သူများ ပူးပေါင်း၍ မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီမိနစ် ၄၀ တွင် မီးထိန်းနိုင်ခဲ့ပြီး ၂ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် အိမ်ရှင် ဦးဟီး(ခ) ဦးကျော်မင်းအောင်၏ ပေ ၃၀× ပေ ၄၀ RC နှစ်ထပ်အိမ် အောက်ထပ် လျှပ်စစ်ပစ္စည်းသိုလှောင်ခန်းရှိ ရေခဲသေတ္တာ ကိုးလုံး၊ CCTV ကင်မရာတစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ အိမ်ရှင်ဦးဟီး(ခ)ဦးကျော်မင်းအောင်အား လွိုင်ကော်မြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**



# လျှပ်စစ်မီးကြိုးဆွဲတင်ရာမှ ဓာတ်လိုက်သေဆုံး

**ဆားလင်းကြီး နိုဝင်ဘာ ၁၄**

လူတစ်ဦး ဓာတ်လိုက်သေဆုံးကြောင်း နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက သတင်းရရှိသဖြင့် ကြေးစင်တောင်ရဲစခန်း စခန်းမှူး ရဲအုပ် ကျော်မင်းနိုင်နှင့်အဖွဲ့မှ သွားရောက်စစ်ဆေးရာ ကျောက်မျက်ကျေးရွာအုပ်စု ကံကုန်းကျေးရွာနေ မောင်ဇော်ဝင်းမောင်(ခ) သပိတ် လျှပ်စစ်နေ့စား အလုပ်သမားသည် ကံကုန်းရွာနှင့် ကျောက်မျက်ကျေးရွာကြားရှိ ပတ်တီးလိပ်စက်ရုံဝင်း တည်ဆောက်ဆဲ အဆောက်အအုံနံဘေးဓာတ်တိုင်၌ မီးကြိုးလျှော့ကျနေသည်ကို ဓာတ်တိုင်ပေါ်သို့တက်ပြီး လျှပ်စစ်မီးကြိုးဆွဲတင်ရာမှ ဓာတ်လိုက်၍ အောက်သို့ပြုတ်ကျနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အနီးအနားရှိ ဦးမြင့်ဝေနှင့် ဦးဖိုးဆန်းတို့က (၁၆) ခုတင်ဆံ့ဆေးရုံမှတစ်ဆင့် မုံရွာပြည်သူ့ဆေးရုံသို့ ပို့ဆောင်ရာဆေးရုံ၌ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုငယ်(ဆားလင်းကြီး)**

# မဟာဗန္ဓုလလမ်းတံတားအဆင်းတွင် ကွန်တင်နာယာဉ်ဘရိတ်ပေါက်၍ လမ်းလယ်ကျွန်းပေါ်ရောက်

**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်မြို့ မဟာဗန္ဓုလလမ်း တံတားအဆင်း(ဒေါပုံ)ဘက်အခြမ်း၌ နိုဝင်ဘာ ၁၃ ရက် ည ၉ နာရီခွဲခန့်က ကွန်တင်နာယာဉ်ဘရိတ်ပေါက်၍ တိုယိုတာမတ်တူးယာဉ်ကို တိုက်မိကာ လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိသွားခဲ့သည်။

ဖြစ်စဉ်မှာ တံတားအဆင်းတွင် ကွန်တင်နာယာဉ်ဘရိတ်ပေါက်သွားသည်ကို သိလျှင်သိချင်း ယာဉ်မောင်းက ဘရိတ်ပေါက်နေကြောင်း အော်ဟစ်နေသော်လည်း တိုယိုတာမတ်တူးယာဉ်ကို တိုက်မိခဲ့သည်။

ထို့နောက် ယာဉ်မောင်းက ယာဉ်လမ်းကြောင်းအတိုင်းသွားမည်ဆိုပါက အခြားယာဉ်များကို တိုက်မိမည်စိုးသောကြောင့် ယာဉ်လမ်းကြောင်းအတိုင်းမသွားတော့ဘဲ လမ်းလယ်ကျွန်းပေါ်သို့ တက်လိုက်သည့်အတွက် ယာဉ်မှာ ရပ်တန့်သွားခဲ့ကြောင်း ယာဉ်မှုစစ် ရဲအုပ်က ပြောသည်။

ယာဉ်တိုက်မှုကြောင့် ဒေါပုံမြို့ဝင်ဆိုင်းဘုတ်၊ အုန်းအလှပင်၊ အရှိန်လျှော့အချက်ပြမီးပွိုင့်တစ်ခု ပျက်စီးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။



**သတင်း-ကိုသက်**
**ဓာတ်ပုံ-ဇာဏီ**

# နေအိမ်၌ ဖဲလောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့ အမှတ်(၁)ရပ်ကွက်နေ သန်းဇော်ဝင်း(၃၅)နှစ်၏နေအိမ်တွင် နိုဝင်ဘာ ၁၀ ရက် ညနေ ၅ နာရီခန့်က ဖဲလောင်းကစားပြုလုပ်နေကြောင်းသတင်းအရ ထီးချိုင့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးခဲ့သည်။ ထိုသို့ဖမ်းဆီးရာ နေအိမ်အောက်ထပ်ရှိအခန်းအတွင်း၌ ဖဲလောင်းကစားနေသော အိမ်ရှင် သန်းဇော်ဝင်း၊ တစ်ရပ်ကွက်တည်းနေသူများဖြစ်သည့် မငွေငွေဝင်း၊ မသူဇာငြိမ်း၊ မနှင်းဝေတို့အား ဖဲလောင်းကစားပြုလုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၄၇၅၅၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် သန်းဇော်ဝင်းပါ လေးဦးအား ထီးချိုင့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

## ကလောမြို့နယ်ရဲတပ်ဖွဲ့ နှင့်ဒေသခံများ ဘိန်းစိုက်ခင်း ခြောက်ကေခန့်ကို ရှာဖွေဖျက်ဆီး

**ကလော နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်တရားမဝင်ဘိန်းခင်းရှာဖွေ ဖျက်ဆီးရေးပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၀ ရက်၊ ၁၁ ရက်က ဘိန်းခင်း ခြောက်ဧကခန့်ကို ဒေသခံပြည်သူများနှင့် ဖျက်ဆီးခဲ့ကြောင်းသိရသည်။

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် တောင်ကွဲကျေးရွာအုပ်စု မြောင်ချောက်ကျေးရွာ အနောက်ဘက် ၁၅ မိုင်ခန့် ခန့်မှန်းမြေပုံအညွှန်း KC-၄၀၉၇၆၆၂၇ ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်၊ ပင်လောင်းမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် သုံးမြို့နယ်အစုံအရပ်တွင် အမြင့်သုံးပေခန့်ရှိ သီးပွင့်ဆဲ ဘိန်းခင်းများရှိနေကြောင်း တာဝန်သိဒေသခံပြည်သူများ၏ သတင်းပေးချက်အရ ကလောမြို့နယ် ရဲတပ်ဖွဲ့ ဒုတိယမြို့နယ်ရဲမှူး အောင်ဇော်မိုး၊ မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီးဦးတင်ကို၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်းတပ်ခွဲမှူးနာနီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဌာန၊ မြေစာရင်းဦးစီးဌာန၊ မူးယစ်(အထူး)တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ မြို့နယ်ပြည်သူ့စစ်ပူးပေါင်းအဖွဲ့၊ တောင်ကွဲကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ဦးနှင့်ရွာသူရွာသားများ စုစုပေါင်း အင်အား ၃၂ ဦးတို့က သွားရောက်ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

(ဝဌ၁)



## Mobile Teamအဖွဲ့ ပါချန်ပင်လယ်ဝ၌ ကွင်းဆင်းစစ်ဆေး

**ကော့သောင်း နိုဝင်ဘာ ၁၄**

ကုန်သွယ်ရေးစခန်း(ကော့သောင်း) Mobile Team အဖွဲ့က စားသုံးသူကာကွယ်ရေးနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှု လုပ်ငန်းများ မဖြစ်ပေါ်စေရေးနှင့် မြန်မာ-ထိုင်း နယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့မှတစ်ဆင့် ပြည်ပနိုင်ငံသို့ တင်ပို့မည့် ငါးသယ်လှေများနှင့် ပြည်မသို့ ထွက်ခွာမည့် ကုန်တင်သင်္ဘောကြီးများအား ပါချန်ပင်လယ်ဝတွင် စစ်ဆေးခြင်းလုပ်ငန်းများ နိုဝင်ဘာ ၁၂ ရက် ညနေပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းဆောင်ရွက်မှု လုပ်ငန်းများအဖြစ် ကုန်သွယ်ရေးစခန်း(ကော့သောင်း) Mobile Team အဖွဲ့သည် ပင်လယ်ပြင်အတွင်း ငါးဖမ်းလှေများ ဖမ်းဆီးရရှိသည့် ငါးသယံဇာတများအား တစ်ဆင့် သယ်ယူ၍ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချမည့် ပင်လယ်ရေထွက်ပစ္စည်းများ တင်ဆောင်လာသည့် ငါးသယ်လှေများအား တင်ပို့မည့် ငါးသယံဇာတများအပေါ် နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများ ပေးသွင်းမှု အထောက်အထားများ၊ တင်ဆောင်လာသည့် ငါးအမျိုးအစားနှင့် ကုန်ချိန် မှန်ကန်ကိုက်ညီမှု ရှိ၊ မရှိ၊ ပြည်ပမှ ကုန်ပစ္စည်းများတင်သွင်းပြီး ပြည်မသို့ထွက်ခွာမည့်သင်္ဘောကြီးများအပေါ် ကန့်သတ်တားမြစ်ကုန်ပစ္စည်း တင်ဆောင်မှု ရှိ၊ မရှိများ စဉ်ဆက်မပြတ် ကွင်းဆင်းကြပ်မတ် စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း ပြန်/ဆက်)**



## လိပ်သို–ယာဒိုလမ်းမ ကတ္တရာ ထပ်ပိုး၊ ရေပိတ်လွှာခင်းကျင်း

**လိပ်သို နိုဝင်ဘာ ၁၄**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့ရှိ တောင်ငူ-လိပ်သို-ယာဒို-ကယားပြည်နယ် သွားသော လမ်းမပေါ်ရှိ လိပ်သို-ယာဒိုလမ်းအပိုင်းအား ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကတ္တရာထပ်ပိုး၊ ရေပိတ်လွှာခင်းကျင်းခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့မိုင်တိုင်(၃၀/၄)ဖာလုံနှင့် မိုင်တိုင်(၃၀/၅)ဖာလုံကြား ဆောင်ရွက်ရာ၌ အရည်အသွေးပြည့်မီရေး၊ အချိန်မီပြီးစီးရေးနှင့် အဆိုပါလမ်းအပိုင်းသည် တောင်ကြောလမ်းဖြစ်သောကြောင့် မိုးရာသီရေတိုက်စားမှုမှ ကာကွယ်ရေး၊ရေစီးရေလာ ကောင်းမွန်ရေးအတွက်ရေမြောင်းများအခြေအနေများကိုပါ နိုဝင်ဘာ ၁၂ရက်က မြို့အုပ်ချုပ်ရေးမှူး၊ လိပ်သိုမြို့ ဆောက်လုပ်ရေးအင်ဂျင်နီယာ ဦးဇော်မင်း နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည်။

**မနွယ်(ပြန်/ဆက်)**

## ကောလင်းမြို့တွင် ရောင်းပန်းလှအာစီယံသပြေပင်များ ခြံတည်စိုက်ပျိုးမှုများပြား

**ကောလင်း နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့ပေါ် ကျော်ဇေယျာရပ်ကွက်နှင့် ကျေးရွာများတွင် လယ်ယာလုပ်ငန်းများအပြင် အာဆီယံသပြေပင်၊ ပတ္တမြားသပြေပင်များကို ခြံတည်စိုက်ပျိုးကြပြီး ကောလင်းဈေးကွင်တွင် ရောင်းချလျက်ရှိရာ စိုက်ပျိုးရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခုအခါ အာဆီယံသပြေသည် ဘုရားပန်း၊ နတ်ပန်းနှင့် မြန်မာ့ဓလေ့ အလှူ မင်္ဂလာဆောင်လက်ကမ်းသပြေခက်အဖြစ် အသုံးတွင်ကျယ်လာပြီး ပတ္တမြားသပြေ၊ ရွှေသပြေနှင့် အခြားသပြေများထက် ပို၍လှပြီး အထားခံသည်။

အာဆီယံသပြေပင်ကို လောင်းရိပ်မဲ့သော နေရောင်အောက်တွင်စိုက်ပျိုးပါက အညွန့်အခက်များ ရဲရဲတောက်ကာ လူကြိုက်များလာကြပြီး ယခုအခါ ဝန်းသိုမြို့နယ်နှင့် ပင်လည်ဘူးမြို့နယ်တို့တွင်လည်း နေအိမ်ခြံဝင်းများနှင့် ဥယျာဉ်ခြံမြေတည်၍ စနစ်တကျ စိုက်ပျိုးလာကြပြီး သပြေပျိုးပင်စိုက်ပျိုးရောင်းချသူများလည်း အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

"အာဆီယံသပြေကို အဓိကစိုက်ပျိုးရတယ်ဆိုတာ တခြားသပြေထက် ဈေးပိုရတာကြောင့်ပါ။ဥယျာဉ်ခြံမြေထဲမှာ ရေတွင်းတူးပြီးတော့ ရေသွင်းစိုက်ပျိုးပါတယ်။ နွေရာသီမှာဆိုရင် မနက်တစ်ခါ၊ ညနေတစ်ခါ ရေသွင်းရတယ်။ အာဆီယံသပြေပင်က ရေနည်းရင်သိပ်မကြိုက်သလို ရေများရင်လည်း မကြိုက်တဲ့သဘာဝရှိတယ်ထင်တယ်။

"ကုန်ကျစာရိတ်က အပင်ပိုးမကျအောင် ရွက်ဖျန်းဆေးသုံးရတယ်။ ပေါင်းထိုးမြက်ထိုးက ကိုယ့်မိသားစုတွေမလုပ်နိုင်တဲ့အခါ အလုပ်သမားကုန်ကျစရိတ်နဲ့ တခြားစိုက်ပျိုးစရိတ်တွေတော့ရှိတာပေါ့။ ဒါပေမယ့် ဈေးရပြီး အသုံးတွင်ကျယ်တော့ တွက်ခြေကိုက်တယ်လို့ ပြောရမှာပါ" ဟု အာဆီယံသပြေစိုက်ခြံရှင်တစ်ဦးက ပြောပြသည်။

ယခုအခါ ဝန်းသိုမြို့နယ် ကျေးရွာအချို့တွင်လည်း ကောလင်းမြို့ကိုအမီပြု၍ ရောင်းချနိုင်ရန်မိမိတို့ နေအိမ်ဝင်းများနှင့် ဥယျာဉ်ခြံတည်၍စနစ်တကျ စိုက်ပျိုးလာကြပြီး အာဆီယံသပြေပျိုးပင် စိုက်ပျိုးရောင်းချသူများလည်းရှိလာကာ ပျိုးပင်ဈေးနှုန်းမှာ ပျိုးပင်သက်အပေါ် မူတည်ပြီး ငွေကျပ် ၄၀၀ ကနေ ၁၀၀၀ အထိ ရှိကြောင်းသိရသည်။

**စိုင်းလှမင်း**


## ဝန်ထမ်းအလိုရှိသည်

**Glory Farmer Development Public Co.,Ltd**

**(Bank)**ဘဏ်လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်

1. General Manager (HR Department Head)(DGM,AGM,Manager) ကျား/မ(၅)ဦး
   Any Graduate ဘဏ်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိရမည်။
2. General Manager (Loan Department Head)(DGM,AGM,Manager) ကျား/မ(၅)ဦး
   Any Graduate ဘဏ်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိရမည်။
3. DY Manager/Senior Manager/Manager ကျား/မ(၅)ဦး
   ပြည်ပဘဏ်လုပ်ငန်းအတွေ့အကြုံ(၂)နှစ်(သို့)ပြည်တွင်းဘဏ်လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။
4. Investment Banker, Stock Analyst, Financial Advisor ကျား/မ(၅)ဦး
   ပြည်ပဘဏ်လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိရမည်။
5. Branch Manager (စစ်ကိုင်း၊ မုံရွာ၊ မန္တလေး) ကျား/မ(၅)ဦး
6. Manager/Assistant Manager (Admin) ကျား/မ(၅)ဦး
   ဘွဲ့ရ၊ စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော Diploma or Certificate ရရှိပြီးသူဖြစ်ရမည်။
   Admin ပိုင်းဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိရမည်။
7. Chief Accountant & Senior Accountant ကျား/မ(၅)ဦး
8. Supervisor ကျား/မ(၅)ဦး
9. Senior/Junior Banking Assistant
   ကျား/မ(၃၀)ဦး
10. Office Staff ကျား/မ(၅)ဦး

"Come Join the Best Team!"

(Welcome Foreign Bankers, Local Bankers, Talented College & Graduate Students)

လျှောက်ထားလိုသူများသည် CV Form အပြည့်အစုံကို ၃၀-၁၁-၂၀၁၅ရက် နောက်ဆုံးထားပြီး လျှောက်ထားနိုင်ပါသည်။

No.258/262,12th Floor, Corner of 27th and Strand Rd, Classic Strand Condo, Pabedan



အနာဂတ် အရည်အသွေးပြင့်စီမံခန့်ခွဲမှု မျိုးဆက်သစ်ပေါ်ထွန်းရေး

**Aldersgate College ( Philippines )**

မှ ပေးအပ်မည့်

## Master of Professional Studies in Nusiness Administration (MBA)အတွက် သင်တန်းလျှောက်လွှာခေါ်ယူခြင်း

၁။ Aldersgate College မှ Master of Professional Studies in Business Administration (MBA-4th Batch)သင်တန်းကို ၈-၁၂-၂၀၁၅ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

၂။ အဆိုပါသင်တန်းကို ပြည်တွင်းပြည်ပမှ စီးပွားရေးပညာရှင်များ၊ လက်တွေ့စီမံခန့်ခွဲမှုပညာရှင်များ၊ ဖွံ့ဖြိုးရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပြည်တွင်း/ပြည်ပတက္ကသိုလ်များရှိ ဝါရင့်ပါမောက္ခများမှ ပို့ချ ပေးမည်ဖြစ်ပါသည်။

၃။ သင်တန်းကျင်းပမည့်နေရာနှင့် နေ့ရက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| | | |
|---|---|---|
| သင်တန်းဖွင့်မည့်ရက် | - | ၈-၁၂-၂၀၁၅ |
| သင်တန်းကာလ | - | ၁၈ လ |
| သင်တန်းချိန် | - | ညနေ ၅ နာရီမှ ည ၈ နာရီထိ (အင်္ဂါနေ့၊ ဗုဒ္ဓဟူးနေ့၊ သောကြာနေ့) မွန်းတည့် ၁၂နာရီမှ ညနေ ၆ နာရီအထိ(စနေနေ့) |
| နေရာ | - | Center for Strategic and International Studies(CSIS) အမှတ်(၂၇)၊ ၆မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ |

၄။ သင်တန်းလျှောက်ထားရန် အရည်အချင်းသတ်မှတ်ချက်

(က) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ခ) အသက်(၂၀)နှစ်ပြည့်ပြီးသူဖြစ်ရမည်။

၅။ သင်တန်းလျှောက်လွှာများကို ၂၇-၁၁-၂၀၁၅ရက်တွင် နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်သည်။

၆။ လူဦးရေကန့်သတ်ထားပါသဖြင့် သင်တန်းလျှောက်လွှာများကို ယနေ့မှစတင်ပြီး၊ အောက်ဖော်ပြပါလိပ်စာအတိုင်း လျှောက်လွှာများကို ဝယ်ယူလျှောက်ထားနိုင်ပါသည်။

(ပထမဆုံးလာရောက်လျှောက်လွှာတင်ပြီး ငွေသွင်းသော(၁၀)ဦးအား သင်တန်းကြေးအား ၂၀%Discount ဖြင့် သတ်မှတ်ပေးမည်။)

CSIS Office-အမှတ်(၂၇)၊ ၆မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၁၂၂၂၅၇၆၊ ၀၉-၂၅၃၈၆၈၂၂၃၊ ၀၉-၂၅၃၈၆၈၂၂၄

(ရုံးချိန်အတွင်းသာ)

# အသီးတစ်ရာ အညှာတစ်ခု

# တရားဥပဒေ စိုးမိုးမှု

*မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာ လျှင် နိုင်ငံတကာအခင်းအကျင်းများမှ ရယူသင့်သောသင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာဖြစ်စဉ်များကို မြို့ငုံ သိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ်များကို ဖော်ပြအပ်ပါသည်။ (စာတည်း)*

**à ကိုရင်ဩ**

ယခုရက်သတ္တပတ်အတွင်း နိုင်ငံတကာ သတင်းရှုခင်းတွင် ထင်ထင်လင်းလင်း ကွက်ကွက်ကွင်းကွင်း ပေါ်ထွက်လာသည်ကား ထိုင်းနိုင်ငံ၌ ရေလုပ်ငန်းဆိုင်ရာ ဥပဒေသစ်တစ်ရပ်ကို အတည်ပြု ပြဋ္ဌာန်းနိုင်ခြင်း ဖြစ်လေသည်။

ထိုင်းနှင့် မြန်မာနိုင်ငံတို့သည်ကား ခြံစည်းရိုးမျှသာ ကတ္တားခြားနေသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြပေရာ ယင်းဥပဒေသစ်ဖြစ်တည်လာမှုကို စေ့ငုကြည့်ရန် အကြောင်းဖန်လာပြန်ပေ့ါဟု ကျွန်ုပ်တွေးဆမိလေသည်။

ထိုင်းနိုင်ငံ၏ ပင်လယ်စာထုတ်လုပ်ရေး လုပ်ငန်းအသိုင်းအဝိုင်းအတွင်း ဖြစ်ပေါ်နေသည့် ပြဿနာကား အလုပ်သမားများကို ငွေဝယ်ကျွန်ပမာ စေခိုင်းနေသည့် ရမ္မက်ကြီးသူတို့က ဖန်တီးနေသော ပြဿနာဖြစ်ပြီးလျှင် နက်ရှိုင်းသော ပင်လယ်ကဲ့သို့ ပြဿနာမှာ နက်ရှိုင်းလှသည်ဟု ကျွန်ုပ် အကဲခတ်မိ၏။

ထိုင်းနိုင်ငံ၏ ပင်လယ်စာထုတ်လုပ်ရေး လုပ်ငန်းကဏ္ဍသည်ကား အမြတ်အစွန်းရပေါက်ရလမ်း ကြီးမားလှသည့် လုပ်ငန်းကြီးဖြစ်ပြီး ပင်လယ်စာထုတ်လုပ်ရေးကုမ္ပဏီကြီးများအတွက် အလုံးလိုက်အခဲလိုက် ငွေဝင်ကိန်းဆိုက်အောင်စီးပွားရှာဖွေကြရာတွင် 'ဘယ်သူသေသေ ငတေမာပြီးရော' ယုတ်ညံ့သည့် စိတ်ဓာတ်ဖြင့် လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်ကို ကျွန်ုပ်လေ့လာတွေ့ရှိရသော အခါ ခေတ်သစ် ဒါသ (ဝါ) ခေတ်သစ်ကျေးကျွန်တို့အပေါ် လူသားချင်းစာနာသနား စိတ်ဖြင့် ကရုဏာရေအလျှင် တသွင်သွင် စီးဆင်းမိလေသည်။

'ဒါသ' ဟူသည်ကား ကျွန်ဟု အဓိပ္ပာယ်ရပြီး 'ဒါသီ' ဟူသည်ကား ကျွန်မဟု အဓိပ္ပာယ်ရ၏။ ထိုင်းကုမ္ပဏီများ၏ ငါးဖမ်းစက်လှေများနှင့် ပင်လယ်စာထုတ်လုပ်ရေး စက်ရုံများ၌ ကိုဒါသနှင့် မပဋ္ဌာတို့ရှိနေကြသည်ဟု သတင်းများအလိုအရ ကျွန်ုပ် မချိသွားဖြဲ ကြားသိရလေသည်။

ဤဆောင်းပါးရေးဆဲ အခိုက်အတန့်မှာပင် မပဋ္ဌာတို့၏ ဖြစ်အင်ကို ဖော်ကျူးသော ပူပူနွေးနွေး သတင်းတစ်ပုဒ်ကို ကျွန်ုပ် ဖတ်ရှုလိုက်ရ၏။ သတင်းမှာ ဤသို့ဖြစ်၏။

ထိုင်းနိုင်ငံရှိ ပုစွန်ခွာစက်ရုံတစ်ရုံကို တာဝန်ရှိသူများ ဝင်ရောက်စစ်ဆေးရာ အသက်မပြည့်သေးသည့် အထောက်အထားမဲ့ မြန်မာ ၁၇ ဦးကို စစ်ဆေးတွေ့ရှိရကာ ၎င်းတို့ကို ကယ်တင်လိုက်နိုင်ကြောင်း။

ထိုင်းနိုင်ငံတောင်ပိုင်း စမွတ်စခွန်ခရိုင် မဟာချိုင်နယ်မြေအတွင်းရှိ GIG ပုစွန်ခွာစက်ရုံသို့ လူပွဲစားများမှ လာရောက်ပို့ဆောင်ထားသည့် မြန်မာကလေးလုပ်သားများစေခိုင်းခံနေရသည်ဟု အဆိုပါစက်ရုံမှ ထွက်ပြေးလာသည့် မြန်မာလုပ်သားတစ်ဦး၏ သတင်းပေးချက်အရ ထိုင်းနိုင်ငံ အထူး စုံစမ်းရေးအဖွဲ့၊ ကြည်းတပ်၊ ရေတပ်၊ LPN လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့၊ မြန်မာ အလုပ်သမား ကူညီစောင့်ရှောက်ရေး မဟာမိတ်ကော်မတီအဖွဲ့တို့ ပူးပေါင်းကာ နိုဝင်ဘာ ၉ ရက်တွင် ဝင်ရောက်စစ်ဆေးပြီး ကယ်တင်နိုင်ခဲ့ကြောင်း။

ကျွန်ုပ် ဆက်စပ် ဖတ်ရှုမိသည့် အခြား သတင်းတစ်ပုဒ်မှာလည်း ကျွန်ုပ်အတွက် ပူစပ်ပူလောင်ဖြစ်ရပြီး ပင့်သက်ရှူမိစရာပါပေ။

သတင်းအကျဉ်းကား ဤသို့တည်း -

ဗန်ကောက်မြို့ တောင်ဘက် ၈၆၄ ကီလိုမီတာခန့်အကွာ ထိုင်းနိုင်ငံတောင်ဘက်အစွန် မလေးရှားနယ်စပ် တရန်ပြည်နယ် ကတန်မြို့ ငါးဖမ်းလှေဆိပ်၌ ဆယ်စုနှစ်နှင့်ချီ၍ လူကုန်ကူးခြင်း၊ ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခြင်းများ လုပ်နေသည့် ထိုင်းနိုင်ငံသား လူကုန်ကူးဂိုဏ်းခေါင်းဆောင် လင်မယားနေထိုင်သည့်အိမ်ကို နိုဝင်ဘာ ၇ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီတွင် ဝင်ရောက်စီးနင်းခဲ့ကြောင်း၊ ထိုင်းနိုင်ငံသား ဂိုဏ်းခေါင်းဆောင်နှင့် ဇနီးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း၊ လူသတ်တရားခံ ဘဲခြမ်းကြီး (ခ)လီယန်းမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း။



အိမ်ပြန်ဖို့ လုပ်အားခ တောင်းသည့် မြန်မာအလုပ်သမားများကို သတ်ပြီးလျှင် ပစ်ချသော ရေတွင်းနှစ်တွင်း ခြံထဲမှာရှိကြောင်း၊ ရေတွင်းမှ ပင်လယ်ပြင်သို့ လမ်းသွယ်ထားသော လိုဏ်ခေါင်းလည်းတွေ့ရှိရကြောင်း၊ အလောင်းဖျောက်ရန် စီမံထားခြင်းဖြစ်ကြောင်း။

ထိုင်းနိုင်ငံ၏ ရေလုပ်ငန်း၌ ကျေးကျွန်ဘဝရောက်နေရသူ အလုပ်သမားများရှိနေပြီး ကျေးကျွန်လုပ်သားများ ပြဿနာသည် မိမိ၏ နိုင်ငံကို ဖိစီးနေကြောင်း၊ ယင်းပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် အစိုးရအဖွဲ့က ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက အမေရိကန် စီအင်န်အင်န်ရုပ်မြင်သံကြားဌာနသို့ ပြီးခဲ့သည့် မေလက ပြောကြားခဲ့ပြီးနောက် ခြောက်လအကြာတွင်မူ အားတက်ဖွယ်ရာ ဥပဒေသစ်တစ်ရပ် ပေါ်ထွက်လာပြီဟု ကျွန်ုပ်သိရလေသည်။

ထိုစဉ်အတွင်း အင်ဒိုနီးရှားရောက် တရားမဝင် လုပ်သားများအတွက် မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့က အင်တိုက်အားတိုက် ရဲ့ဝံ့စွန့်စားကြိုးပမ်းဆောင်ရွက်နေသည်ဟု ကျွန်ုပ်ကြားသိရပြန်ရာ ပိုမိုအားတက်မိလေသည်။

အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်း၊ တူရယ်ကျွန်းနှင့် ဘန်ဂျီနာကျွန်းများရှိ မြန်မာရေလုပ်သား ၅၁၄ ဦးကို မကြာမီက မိခင်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခြင်းအတွက် တာဝန်ရှိသူများအားလုံး၏ ရှုပ်ရှုပ်ချွံချွံ ဆောင်ရွက်မှုကို ကျွန်ုပ်ချီးကျူးထောမနာပြုမိလေသည်။

မြန်မာရေလုပ်သားများအား ကယ်တင်ပေးခဲ့ခြင်းမှာ ယခုတွင်မှ မဟုတ်မူ၍ ယခင်နှစ်များစွာကပင် ကြိုးပမ်းဆောင်ရွက်ချက်များရှိခဲ့လေသည်။

မြန်မာနိုင်ငံသားများအပါအဝင် ရွှေ့ပြောင်းအလုပ်သမားများအား ကျေးကျွန်သဖွယ် စေခိုင်းမှုနှင့် ဆက်နွှယ်နေသော တရားမဝင် ငါးဖမ်းလုပ်ငန်းများကို ပူးပေါင်းနှိမ်နင်းကြရန် ထိုင်းနှင့် အင်ဒိုနီးရှားနိုင်ငံတို့ ဧပြီလအတွင်း သဘောတူညီခဲ့ကြလေသည်။

အင်ဒိုနီးရှား ရေပိုင်နက်အတွင်း ထိုင်းနိုင်ငံ၏ ငါးဖမ်းလုပ်ငန်းကုမ္ပဏီများက တရားမဝင် လုပ်ဆောင်မှုများကြောင့် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် နှစ်စဉ် ဒေါ်လာသန်းပေါင်း နှစ်သောင်းခန့် ဆုံးရှုံးနေရသည်ဟု ခန့်မှန်းထားသည်။ အင်ဒိုနီးရှားနိုင်ငံရှိ လူသူ အရောက်အပေါက်နည်းပါးသော ကျွန်းများ၌ မြန်မာနိုင်ငံသားများအပါအဝင် ရွှေ့ပြောင်းအလုပ်သမားများကို လုပ်ခလစာမပေးဘဲ နှစ်ပေါင်းများစွာ ကျေးကျွန်များကဲ့သို့ စေခိုင်းသူများရှိနေကြောင်း စုံစမ်းစစ်ဆေးတွေ့ရှိခဲ့ရလေသည်။

အင်ဒိုနီးရှားကျွန်းများ၌ ဥပဒေမဲ့ ငါးဖမ်းလုပ်ငန်းရှင်များက စွန့်ပစ်ထားသည့် အလုပ်သမား ၄၀၀၀ လောက်အထိ ရှိနိုင်သည်ဟု ခန့်မှန်းချက်တစ်ရပ် ပေါ်ထွက်ခဲ့လေရာ မိကျောင်းလို ခေါင်းဖြူလေ ရဲလေ လူ့အန္တများ ဤကမ္ဘာလောက၌ ရှိနေပါတကားဟု ကျွန်ုပ် တွေးတောမိသည်။ မိကျောင်းသည် အသက်ကြီးလာသည့်အခါ ဦးခေါင်းပိုင်း ဖြူသောအရောင်သို့ ပြောင်းလဲလာသည်။ မိကျောင်းအိုကြီးသည် သက်ကြီးပိုင်းတွင် ဘာကိုမှ ကြောက်လန့်ရမှန်း မသိဘဲ အလွန်ရဲတင်းစွာ မြင်မြင်ရာသတ္တဝါတို့ကို အစာအလို့ငှာ ဖမ်းဆွဲတတ်၏။

လူတို့တွင်လည်း မိုက်မဲသောသူတို့မှာ ဆံဖြူကာ အသက်ကြီးလာချိန်တွင် ဟီရိဩတ္တပ္ပတရားမရှိဘဲ ဥပဒေနှင့် မလွတ်ကင်းသည့် ဒုစရိုက်မှုများကို ရဲတင်းစွာ ပြုလုပ်တတ်ပုံကို သာဓကပြည့္စွန်းဆိုနိုင်လေသည်။

ထိုင်းနိုင်ငံ၏ ဥပဒေသစ်အရ ရေလုပ်ငန်း၌ လုပ်ကိုင်နေသူ ရေလုပ်သားများကို ဥပဒေနှင့်အညီ အလုပ်အကိုင် ခန့်အပ်ခြင်း၊ စေခိုင်းခြင်း၊ တရားဝင် အခွင့်အရေးများပေးခြင်း၊ ထိုက်တန်သော ရပိုင်ခွင့်များ ခံစားခွင့်ပြုခြင်းတို့ ဖြစ်ပေါ်လာစေရန် လုပ်ဆောင်ကြရတော့မည်ဖြစ်သည်။

ငါးဖမ်းသင်္ဘော၊ ငါးဖမ်းစက်လှေ ပိုင်ရှင်များသည် ရေယာဉ်ဝန်ထမ်းများ (ရေလုပ်သားများ)ကို ခန့်အပ်ရာတွင် ဥပဒေချိုးဖောက်ပါက ကြီးလေးသော ထောင်ဒဏ်နှင့် ငွေဒဏ်တို့ ချမှတ်ခံရလိမ့်မည်။ ငါးဖမ်းရေယာဉ်များကို မှတ်ပုံတင်ထားမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ပျက်စီးစေနိုင်သော ပိုက်များသုံးစွဲမှု နည်းပါးနိုင်သမျှ နည်းပါးစေမည့် ကိရိယာများကို တပ်ဆင်ထားရန် လိုအပ်ပေလိမ့်မည်။ ဆိပ်ကမ်းမှ ထွက်ချိန်၊ ဆိပ်ကမ်းသို့ဝင်ချိန်တို့ကိုလည်း မှတ်တမ်းထားရှိရန် ယင်းဥပဒေတွင် ဖော်ပြထားသည်။

ထိုင်းရေလုပ်ငန်းကဏ္ဍ၌ လုပ်ကိုင်နေသည့် အလုပ်သမားအများစုမှာ နိုင်ငံခြားသားများဖြစ်ကြပြီးလျှင် လုပ်သားအင်အား ၅၀၀၀၀ ကျော်ရှိလေသည်။ ဥပဒေသစ်ပြဋ္ဌာန်းချက်အရ ရေလုပ်သားတိုင်း အလုပ်လုပ်ကိုင်ခွင့် ပါမစ်ရှိရမည်သာ။

မှတ်ပုံတင်ထားရှိသည့်စနစ်ကို ကျင့်သုံးခြင်းဖြင့် ရေလုပ်သားများ မည်သည့်နေရာသို့ ရောက်ရှိနေသည်၊ ၎င်းတို့၏ အလုပ်ရှင်များ မည်သူမည်ဝါတို့ဖြစ်သည်၊ ဥပဒေနှင့်အညီ အကျိုးခံစားခွင့်များကို မည်သို့ပေးအပ်နေသည် စသည်ဖြင့် အစိုးရက အချိန်နှင့်တပြေးညီ သိရှိနိုင်မည်ဖြစ်ပေရာ အဟောဝတ ကောင်းလေစွဟု ကျွန်ုပ်ရေရွတ်မိ၏။

ဥပဒေချိုးဖောက်ပါက ငါးဖမ်းရေယာဉ်များကို သိမ်းဆည်းခြင်း၊ လိုင်စင်ရုပ်သိမ်းခြင်းတို့ ပြုလုပ်နိုင်သည့်အပြင် ထောင်ဒဏ်နှစ်နှစ်၊ သို့မဟုတ် ငွေဒဏ်(ဒဏ်ငွေ) ဘတ်ခြောက်သန်း (အမေရိကန်ဒေါ်လာ ၁၆၈၈၀၀) အထိ ပြစ်ဒဏ်စီရင်ချက်ချမှတ်နိုင်ပေလိမ့်မည်။

ထိုင်းနိုင်ငံသည် ဥရောပဈေးကွက်အထိ ပင်လယ်စာ တင်ပို့ရောင်းချနေသည့် ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ရွှေပင်ငွေခွက် ပင်လယ်ကထွက်၏ဟု ဆိုနိုင်လောက်အောင်ပင် ထိုင်းနိုင်ငံ၏ ပင်လယ်စာ ထုတ်လုပ်ရေးလုပ်ငန်းမှာ ငွေရပေါက်ချောင်သော စီးပွားရေးလုပ်ငန်းကြီးတစ်ရပ်အဖြစ် တည်ရှိနေသည်။

ဤတွင် ဘနဖူးသိုက်တူးလိုသူများက လူမှောင်ခိုလုပ်ငန်းကို ဂိုဏ်းဖွဲ့လုပ်ကိုင်လာကြပြီးလျှင် လှေအစုန် ရေရွှက်တိုက် ဒုစရိုက်သမားများ အကြည်ဆိုက်ကြတော့သည်။ ငွေရဖို့အရေး လူပဲ သတ်ရသတ်ရ၊ ထောင်ပဲ ကျရကျရ ဖိုးခနဲ ဖတ်ခနဲ လုပ်ရဲ ပြောင်းဆန်အောင် မိုက်ရဲသူတို့မှာ ဥပဒေစိုးမိုးရေးကို ဖီလာပြုနေသော ပြည်ဆူးပြည်ငြောင့်များ သာလျှင်တည်း။

ထိုင်းနိုင်ငံ၏ ပင်လယ်စာ ထွက်ကုန်များ ကမ္ဘာတစ်လွှားတွင် အပုပ်နံ့တသင်းသင်းရှိခဲ့ရခြင်းမှာ ဥပဒေကို လက်ရဲဇက်ရဲ ချိုးဖောက်သည့် လူမှောင်ခိုဂိုဏ်းများ၊ ဥပဒေကို လက်တစ်လုံးခြားပြုသည့် ဝိသမလောဘသား စီးပွားရေးလုပ်ငန်းရှင်များ၊ ဥပဒေကို ဖောက်တိဖောက်ထိုး မျက်ကွယ်ပြုသည့် အကျင့်ပျက် ခြစားသူများကြောင့် ဖြစ်ရသည်ဟု ကျွန်ုပ်တွေးတောမိ၏။

ဥပဒေနှင့်မညီညွတ်သော၊ စည်းမျဉ်း၊ စည်းကမ်းချိုးဖောက်သော ရေလုပ်ငန်း လုပ်ကိုင်သူများ၏ လုပ်ရပ်ဆိုးများ ချုပ်ငြိမ်းရေးအတွက် လိုအပ်သည့် အစီအမံများ ရေးဆွဲချမှတ်ဆောင်ရွက်ရန်၊ သို့မဟုတ်ပါက ထိုင်းပင်လယ်စာ ထွက်ကုန်တင်သွင်းမှုအပေါ် ပိတ်ပင်မည်ဟု ဥရောပသမဂ္ဂက အဝါကတ်ပြသခဲ့ပြီးနောက် ဥပဒေသစ်ပေါ်ထွက်လာခြင်းဖြစ်လေသည်။

ဥရောပကော်မရှင်၏ အဝါကတ်မှာ အောက်တိုဘာ ၂၁ ရက်တွင် သက်တမ်းကုန်ဆုံးခဲ့ပြီးလျှင် အနီကတ်ပြရန် ဟန်ရေးပြင်လာချိန်တွင် ဥပဒေသစ်ကို ပြဋ္ဌာန်းနိုင်ခဲ့လေပြီ။

အခိုင်တစ်ခုတွင် အသီးတစ်ရာပင် ရှိလင့်ကစား အညှာမှာ တစ်ခုတည်းသာဖြစ်သည်။ အလားတူပင် လူ့အဖွဲ့အစည်းတစ်ရပ်တွင် မတစ်ထောင်သားများအပါအဝင် ပြည်သူများအားလုံး စည်းကမ်း၊ နည်းလမ်းတကျ နေထိုင်နိုင်ရေးမှာ တရားဥပဒေစိုးမိုးရေးသာလျှင်ဖြစ်လေသည်။

လူတွင် ကျင့်ဝတ်စည်းကမ်း၊ ရဟန်းတွင် ဝိနည်းသိက္ခာရှိမှသာလျှင် လူ့အဖွဲ့အစည်းတစ်ရပ် ရေရှည်စဉ်ဆက်မပြတ် တိုးတက်အောင် စုပေါင်းစွမ်းဆောင်နိုင်မည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများသည် အသွင်သဏ္ဌာန်အရ မတူကွဲပြားကြလင့်ကစား အနှစ်သာရအရ တရားဥပဒေစိုးမိုးမှုသာ လူလူချင်း မတရားပြုကျင့်ခြင်း၊ လူမှောင်ခိုခြင်း၊ ငွေဝယ်ကျွန်အဖြစ် သိမ်းပိုက်ခြင်း၊ မတရား စီးပွားရှာဖွေခြင်း၊ ဂိုဏ်းဂဏပြုကာ လူမဆန်သောနည်းလမ်းများဖြင့် ဇက်မဉစွာ ရှာဖွေခြင်းတို့မှ ကင်းဝေးမည်ဟု ကျွန်ုပ် တွေးဆမိသည်။ အသီးတစ်ရာကို စုစည်းညီညွတ်အောင် ထိန်းကွပ်ပေးသော အညှာနှင့်တူလှသည့် တရားဥပဒေကို လူတိုင်း လေးစားလိုက်နာကြမှသာ ခေတ်သစ် ကျေးကျွန်စနစ် ပပျောက်လိမ့်မည်ဟု တွေးမိရင်း 'အသီးတစ်ရာ အညှာတစ်ခု တရားဥပဒေစိုးမိုးမှု' ဟူ၍ ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။



## CRC Day အထိမ်းအမှတ် မူကြိုကျောင်းပေါင်းစုံ ပန်းချီပြိုင်ပွဲ လှိုင်ကော်မြို့၌ကျင်းပ

**လှိုင်ကော် နိုဝင်ဘာ ၁၄**

လူမှုဝန်ထမ်းဦးစီးဌာန လှိုင်ကော်မူလတန်းကြိုကျောင်းတွင် (၂၆)ကြိမ်မြောက် CRC Day အထိမ်းအမှတ် ပြည်နယ်အဆင့် မူကြိုကျောင်းပေါင်းစုံ ပန်းချီပြိုင်ပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

"ဒီလိုပြိုင်ပွဲလေးတွေ လုပ်ပေးခြင်းအားဖြင့် ကလေးတွေရဲ့ လက်ချောင်းလေးတွေ သန်မာလာစေမယ်၊ အရောင်လေးတွေ ရွေးချယ်တတ်လာတယ်။ သချာသဘောတရားလေးတွေလည်း သိလာမယ်။ ယှဉ်ပြိုင်ရဲတဲ့ သတ္တိလေးတွေလည်း ရလာမယ်။ ဖွံ့ဖြိုးမှုငါးရပ်နဲ့လည်း ဆိုင်တာပေါ့။

"ပေါင်းသင်းဆက်ဆံရေးလည်း ဖွံ့ဖြိုးလာမယ်။ ဒီနေ့မှာ ဆုရရှိတဲ့ကလေးတွေကို နိုဝင်ဘာ ၂၀ ရက် မြို့တော်ခန်းမမှာ ကျင်းပပြုလုပ်မယ့် CRC Day အထိမ်းအမှတ်အခမ်းအနားမှာ ဆုချီးမြှင့်ပေးသွားမှာဖြစ်ပါတယ်" ဟု ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးမှူးဒေါ်စိန်စိန်မော်က ပြောသည်။

အဆိုပါပြိုင်ပွဲသို့ မူလတန်းကြိုကျောင်းပေါင်း ၃၀ မှ သားငယ်၊ သမီးငယ် ၁၄၀ တို့က ဆေးရောင်ခြယ်ပန်းချီ၊ လက်ချောင်းပန်းချီနှင့် စိတ်ကူးယဉ်ပန်းချီ အကြီးအဆင့်၊ အငယ်အဆင့်တို့တွင် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**လှိုင်ကော်(ပြန်/ဆက်)**

## ဆိုလာပြား ၂၉၃ပြားနှင့်ဆက်စပ်ပစ္စည်းများ ဝက်လက်၌ပေးအပ်

**ဝက်လက် နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တိုးရှိလင်းကုမ္ပဏီမှ ၄ × ၂ ပေ ဆိုလာပြား၊ မီးလုံးနှင့် မီးချောင်းများအား ကျေးရွာများသို့ ပေးအပ်ပွဲကို နိုဝင်ဘာ၁၁ ရက်က ငါးဘတ်ချောင်းကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပေးအပ်ပွဲတွင် ဝက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဆန်းနှင့်တာဝန်ရှိသူများက ငါးဘတ်ချောင်းကျေးရွာ ပြည်သူများအတွက် ငါးဘတ်ချောင်းကျေးရွာအုပ်ချုပ်ရေးမှူးထံ ဆိုလာ ၂၉၃ စုံကိုပေးအပ်ခဲ့ပြီး ၎င်းဆိုလာတစ်စုံစီတွင် မီးသီးနှစ်လုံး၊ မီးချောင်းတစ်ချောင်းနှင့် ဆိုလာဒေါက်တစ်ခုတို့ပါရှိကြောင်းသိရသည်။

ယင်းသို့ မီးလင်းရေးဆောင်ရွက်ပေးသဖြင့် ငါးဘတ်ချောင်းကျေးရွာတွင် ဆိုလာစနစ်ဖြင့် အလင်းရောင်ရရှိနိုင်ပြီဖြစ်ရာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်လာပြီး အစစအရာရာအဆင်ပြေချောမွေ့နိုင်တော့မည်ဖြစ်သည်။ **နန်းမြင့်(ဝက်လက်)**

## စဉ့်ကိုင်မြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မြောင်းဆုံငယ်စာကြည့်တိုက်ဆောက်လုပ်

**စဉ့်ကိုင် နိုဝင်ဘာ ၁၄**

ကျေးလတ်ဒေသ ပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်၍ အသိပညာဗဟုသုတများပြည့်စုံကြွယ်ဝစေရန် လွှတ်တော်ကိုယ်စားလှယ်များ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် ပြည်ထောင်စုရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ချထားပေးရာ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မြောင်းဆုံငယ်ကျေးရွာတွင် မြောင်းဆုံငယ် စာကြည့်တိုက်ကိုဆောက်လုပ်ခဲ့သည်။

ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျပ်သိန်း ၃၀ နှင့် ကျေးရွာပြည်သူများမှ ထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းကျပ်သိန်း ၄၀ အကုန်ကျခံပြီး အလျား ၂၇ပေ အနံ ၁၈ပေ အကျယ်အဝန်းရှိ သွပ်မိုးအုတ်ညှပ်တစ်ထပ်အဆောက်အအုံကို ဆောက်လုပ်ခဲ့သည်။

အဆိုပါ မြောင်းဆုံငယ် စာကြည့်တိုက်တွင် စာကြည့်တိုက်လုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်အတွက် နိုဝင်ဘာ ၁၃ ရက် နံနက်၉နာရီက စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ထွေးနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **တင်တင်ထွေး(စဉ့်ကိုင်)**

# ကရင်ရိုးရာဒုံးယိမ်းအကပြိုင်ပွဲဆုပေးပွဲကျင်းပ

**ဘားအံ နိုဝင်ဘာ ၁၄**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလွန်ကာလ နိုဝင်ဘာ ၁၀ ရက်မှစ၍ နှစ် ၆၀ ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ပြခန်းများနှင့် ပျော်ပွဲရွှင်ပွဲများကို ကျင်းပခဲ့ရာ ကရင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု တစ်ခုဖြစ်သည့် ဒုံးအကပြိုင်ပွဲကိုလည်း အစဉ်အလာမပျက် ထည့်သွင်းကျင်းပခဲ့ပြီး တိုင်းရင်းသားပြည်သူအများ အေးချမ်းပျော်ရွှင်စွာဖြင့် လာရောက်အားပေးကြည့်ရှုလျက်ရှိကြောင်း သိရသည်။



ကရင်ဒုံးယိမ်းအကသည် အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၃၂ ဦးနှင့် တူရိယာများအဖြစ် ကျွဲချို၊ ဖားစည်၊ ဘင်၊ စည်းဝါး၊ နှဲ၊ ဗုံ၊ မောင်း၊ လင်းကွင်း စသည်တို့ဖြင့် သံစဉ်တေးသွား တေးသီချင်းများကို သံပြိုင်သီဆိုတီးခတ်၍ ညီညာမြူးကြွ သွက်လက်မြိုင်ဆိုင်စွာဖြင့် ယှဉ်ပြိုင်ကပြဖျော်ဖြေရသည့် ဒုံးယိမ်းအကတစ်မျိုး ဖြစ်ပြီး နောက်ထိုင်အရန်လူများလည်းပါဝင်ကာ ပြိုင်ပွဲကို နိုဝင်ဘာ ၁၄ ရက်အထိ ကျင်းပခဲ့သည်။

ယခုနှစ်တွင် အခါတိုင်းနှစ်များထက် ပိုမိုထူးခြားစွာ ဒုံးယိမ်းအကပြိုင်ပွဲတွင် ဖျော်ဖြေရေးဒုံးအဖွဲ့များနှင့်အတူ အကြီးတန်းဒုံးယိမ်းအဖွဲ့ ၂၀ ဖွဲ့၊ အငယ်တန်းဒုံးယိမ်းအဖွဲ့ သုံးဖွဲ့ စုစုပေါင်း ၂၃ ဖွဲ့တိုင်တိုင် ဝင်ရောက်ယှဉ်ပြိုင်သည်ကို တွေ့ရှိရပြီး ပြိုင်ပွဲဝင်အဖွဲ့များ၏ ကကျိုးကကွက်၊ တေးသီချင်း၊ အဝတ်အစား၊ မြူးကြွသွက်လက်မှုတို့ဖြင့် ပိုမိုတက်ကြွစွာ ပြိုင်ဆိုင်မှုပြင်းထန် ကောင်းမွန်ကြောင်း တွေ့ရသည်။

ဒေသခံပြည်သူများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ ဆရာတော်ကြီးများနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့မှလည်း ယခင်နှစ်ထက် ပိုမို၍အားပေး ထောက်ပံ့မှုများ ပြုလုပ်ပေးပြီး ဆုရရှိသည့် ဒုံးအဖွဲ့များကိုလည်း ထိုက်တန်စွာဆုများချီးမြှင့်သွားမည်ဖြစ်သည်။

ကရင်ပြည်နယ်အတွင်းမှ တိုင်းရင်းသားပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားပြည်သူများလည်း စည်ကားသိုက်မြိုက်စွာဖြင့် အေးချမ်းပျော်ရွှင်စွာ လာရောက်အားပေးကြည့်ရှုလျက်ရှိကြောင်း သိရသည်။

**မောင်စော(ပြန်/ဆက်)**

**ရန်ကုန်မြို့ မူလသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်**
**တန်ဆောင်မုန်းတရားစခန်း**

ရန်ကုန်မြို့၊ မူလသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ အာဒိကမ္မိက၊ ကမ္မဋ္ဌာနာစရိယ၊ မူလဓမ္မာစရိယကျေးဇူးရှင်ဆရာကြီး ဦးကြည်၏ ဥပနိဿယအတိုင်းပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများ၏ အဆိုအမိန့်များနှင့်အညီ ဆရာကြီး၏ လက်ရင်းတပည့်များဖြစ်ကြသော ဓမ္မကထိက ဆရာဦးခင်မောင်ရီ၊ ဆရာဦးမောင်အုန်းနှင့်အရန်ဓမ္မကထိကတို့က တရားဟောပြသလမ်းညွှန်လျက်(၁၂၂)ကြိမ်မြောက် တန်ဆောင်မုန်းတရားစခန်းကို ဒဂုံမြို့သစ်မြောက်ပိုင်း(၁၆)ရပ်ကွက်၊ ကုန်းဘောင်လမ်းရှိ "မူလသစ္စာဒီပကဓမ္မရိပ်သာ" ၌ (၁၃၇၇ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၃ရက်) ၂၀၁၅ခုနှစ်၊ နိုဝင်ဘာ ၂၃ရက်မှ ၂၉ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါသည်။

တရားစခန်းဝင်လိုသူယောဂီများ ၂၂-၁၁-၂၀၁၅ရက် ညနေ၅း၃၀နာရီထက်နောက်မကျဘဲ အရောက်လာကြရပါမည်။

အဆိုပါရိပ်သာအဆောက်အအုံအပြီးသတ်ဆောက်လုပ်နိုင်ရန်နှင့် ဆွမ်းစားဆောင်ဆောက်လုပ်ရန် အလှူရှင်များ၊ ယောဂီများအားပါဝင်လှူဒါန်းကြပါရန် နိုးဆော်အပ်ပါသည်။ တရားစခန်းဝင်လိုသူများ ဆွမ်း၊ အဆောက်အအုံလှူဒါန်းလိုသူများသည် အောက်ပါအတိုင်းဆက်သွယ်နိုင်ပါသည်။

(၁) ဦးချစ်ရင်-နာယက-၀၉-၅၀၅၂၁၁၅၊ (၂)ဦးမြသောင်း-ဥက္ကဋ္ဌဖုန်း-၀၁-၂၉၂၀၅၀၊ ၀၉-၃၀၂၂၈၇၈၅၊ (၃)ဦးညွန့်လှိုင်-ဒုဥက္ကဋ္ဌ-ဖုန်း-၀၉-၃၀၁၆၆၈၀၅၊ (၄)ဦးသန်းလွင်-ဒုဥက္ကဋ္ဌ-ဖုန်း-၀၉-၂၅၄၄၄၉၅၇၄၊ (၅)ဦးမြဝင်း၊ အတွင်းရေးမှူး-ဖုန်း-၀၉-၅၁၉၄၅၂၅၊ (၆)ဦးစိုးဝင်း-ဘဏ္ဍာရေးမှူး-ဖုန်း-၀၁-၅၆၄၇၄၄၊ (၇)ဦးတင်ဝင်းအောင်-ရိပ်သာတာဝန်ခံ-ဖုန်း-၀၉-၄၀၁၅၀၅၀၆၂

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သောအောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) လျှပ်စစ်ပစ္စည်း(၇)မျိုး 1 Lot
(ခ) Butterfly Valve & Accessories (၁၄)စုံ
(ဂ) Ball Valve & Accessories (Sludge Valve) (၁၄၄)စုံ

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၃-၁၁-၂၀၁၅ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံများအား မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ် -၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

**ချင်းတွင်းအသင်း(ရန်ကုန်)**
**(၂၂)ကြိမ်မြောက်စုပေါင်းမဟာဘုံကထိန်ပွဲ**

ချင်းတွင်းအသင်း(ရန်ကုန်)၏(၂၂)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်မိသားစုများ ချင်းတွင်းဒေသနယ်သူ၊ နယ်သားများကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် -၁၃၇၇ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၁)ရက်
၂၂-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)
အချိန် -နံနက်၉း၃၀နာရီ
နေရာ -"ချင်းတွင်းအသင်းဓမ္မာရုံ" အနုတ္တရောပုရိသဓမ္မသာရထိ စွယ်တော်မြတ်စေတီပရဝဏ်အတွင်း မရမ်းကုန်းမြို့နယ်

**အလုပ်အမှုဆောင်အဖွဲ့**

**MMA**
Software - ၁ သိန်း
Hardware -၁ သိန်း
မိုဘိုင်း၊ဖုန်း၊ပြုပြင်နည်း၊သင်တန်း၊ကျောင်း၊ | အပတ်စဉ်တန်းခွဲသစ်ရှိသည်
* ဖုန်းတစ်လုံးတွင်ပါဝင်သည့် Circuit ပေါ်ရှိအခြေခံ Component များ၊ filter များ၊ Conventerများနှင့် IC များကို ကျွမ်းကျင်စွာကိုင်တွယ်ပြုပြင်တတ်စေရန် သင်ထောက်ကူပစ္စည်းအစုံအလင်ဖြင့် သင်ကြားပေးမည်
* Android & iOS firmware restore,upgrade & downgrade,Jail Break & Root, Network Unlock, IMEI ရေးသားခြင်း, softbrick & hardbrickဖြေရှင်းနည်းများကိုအခြေခံမှစတင်၍ ကျွမ်းကျင်သည့် ပညာရှင်များကိုယ်တိုင် စာတွေ့လက်တွေ့ဖြင့် ထိရောက်စွာသင်ကြားပေးသည်။
* ဆိုင်ဖွင့်လိုသူများ နှင့် အလုပ်ဝင်မည့်သူများအား အစစအရာရာကူညီပံ့ပိုးပေးမည်။
အမှတ်(၈၁)၊လှည်းတန်းလမ်း၊လမ်းမတော်မြို့နယ်
(စံပြရုပ်ရှင်ရုံနှင့်မော်တင်တာဝါကြား)
09-263727300, 09-31942513
10% off
နယ်သင်တန်းသားများအတွက် အဆောင်အခမဲ့စီစဉ်ပေးသည်

**ဒေါ်ခိုင်ခိုင်ဝင့်**
B.Sc (Chem), DA. LCCI (UK), ACCA Part II
**LCCI, ACCA**
➢ လူနည်းစုနင့်ထိထိမိမိသင်လိုသူများ၊
➢ အချိန်နင့်ငွေကို Save ဖြစ်လိုသူများ၊
➢ Costထက် Benefit အားသာချက်ကို အပြည့်အဝ ရရှိ စေမည်၊
Diploma ကို သေချာစေမည်။ လူဦးရေကန့်သတ်
အမှတ်(၃၂)၊ ၅လွှာ၊ သမ္မာဒိဋ္ဌိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
Ph : 095067748, 09254715990, 09798427764

**ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**

အမှတ်(၁၃၀၆)၊ ရှမ်းစုရွာလယ်လမ်း၊ (၁)ရပ်ကွက်၊ မှော်ဘီမြို့နေ
ဦးဟန်မင်း-ဒေါ်ဝင်းမာဦးတို့၏သား
**ဗိုလ်ကြီးကျော်ကျော်ဇင်**
**(B.E Mechanical)**
နှင့်
အမှတ်(၁၁၄၂/က)၊ ဆရာသိန်းလမ်း၊ (၁)ရပ်ကွက်၊ မှော်ဘီမြို့နေ
ဦးစိုးပိုင်-ဒေါ်ခင်နိုင်ဝင်းတို့၏ သမီး
**မစိုးယုရတနာ**
**(B.E Electronics)**
တို့သည် ၁၀-၁၁-၂၀၁၅ရက်(အင်္ဂါနေ့)တွင် နှစ်ဖက်မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**ဗိုလ်ကြီးကျော်ကျော်ဇင်-မစိုးယုရတနာ**

**စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်နေ
ဦးမြင့်ဦး-ဒေါ်တင်ဝင်းတို့၏သား
**မောင်ဟိန်းဇော်ဦး**
**B.Sc(Physics)**
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်နေ
ဦးထင်မိုးအောင်-ဒေါ်ဝါဝါလွင်တို့၏သမီး
**မထက်ထက်အောင်**
**B.Dev.S, D.MAc**
တို့သည် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဟိန်းဇော်ဦး-မထက်ထက်အောင်**

# မိတ္ထီလာမြို့နယ်ရှိကျေးရွာများတွင် တောင်သူများလုပ်ငန်းနားချိန်၌ ဝါးထရံလုပ်ငန်းများဖြင့်အပိုဝင်ငွေရ

**မိတ္ထီလာ နိုဝင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ဝါးရုံကျေးရွာအုပ်စု အင်းအုံးကျေးရွာနှင့် ကွက်ငယ်ကျေးရွာအုပ်စု ပန်းသွင်းကျေးရွာနှစ်ရွာသည် ကပ်လျက်တည်ရှိပြီး တောင်သူလုပ်ငန်းနားချိန်တွင် ဝါးထရံရက်လုပ်ငန်းခြင်းကို ကျေးရွာနှစ်ရွာစလုံး၌ မိသားစုဝင်ငွေရ လုပ်ငန်းအဖြစ် ဖောက်ချလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

"တောင်သူလုပ်ငန်းနားချိန်မှာ ဝါးထရံလုပ်ငန်းကို ကျေးရွာနှစ်ရွာစလုံး ဖောက်ချလုပ်ကိုင်ကြတယ်။ တောင်သူလုပ်ငန်း လုပ်ကိုင်နေတဲ့အချိန်မှာလည်း တစ်ဘက်က ဝါးထရံလုပ်ငန်းကို လုပ်ကိုင်ပါတယ်။ ဝါးထရံလုပ်ငန်း လုပ်ရာမှာအဓိကကျတဲ့ ကုန်ကြမ်း တင်းဝါးကို လယ်ဝေး ပတ္တာနယ်က မှာယူတာဖြစ်ပါတယ်။

"တင်းဝါးတစ်လုံးကို ကျပ် ၃၀၀ ကနေ၊ ကျပ် ၃၅၀၊ ကျပ် ၄၀၀ အထိ ဝယ်ယူရပါတယ်။ တင်းဝါး ၁၀၀ ကို ဝါးထရံ ၁၆ ချပ်မှ ၂၀ ချပ်အထိ ရရှိပါတယ်။ ဝါး၁၀၀ ကို ဘယ်လောက်နှုန်းနဲ့ ဆိုပြီး ရွာထဲကထရံရက်လုပ်သူတွေကို ကျွန်တော်တို့လို လုပ်ငန်းရှင် ပေးပြီးရက်တယ်။ ရတဲ့ ဝါးထရံကို မြို့ပေါ်က ဆိုင်ကြီးတွေကို ပို့ပြီးရောင်းချတယ်။

"ငါးရက်တစ်ဈေး (ငါးရက်တစ်ကြိမ်) အဲဒီဆိုင်တွေကို ငွေသွားယူပြီး ရွာမှာ လုပ်အားခပြန်ရှင်းပေးရတယ်။ လူသုံးယောက်ကို တစ်နေ့ဝါးထရံ လေးချပ်ကနေ ငါးချပ်အထိ ရက်လုပ်နိုင်တယ်။

"နောက် ဝါး ၁၀၀ အပြတ်ယူရက်တာမျိုးမဟုတ်ဘဲ ထရံတစ်ချပ်ကို ဘယ်လောက်နှုန်းဆိုပြီး လက်ခစား ရက်လုပ်ကြတာလည်းရှိတယ်။ ငါးတောင်ဝါး ထရံတစ်ချပ်ကို ရက်လုပ်ခ ကျပ် ၂၅၀၀ ပေးရပါတယ်။

"မိသားစုများတဲ့အလျောက် ငါးရက်တစ်ဈေးကို ထရံရက် လုပ်တဲ့ အလုပ်ကနေ ကျပ် ၃၀၀၀၀၊ ၃၅၀၀၀ ကနေ ကျပ် ၇၀၀၀၀ အထိဝင်တဲ့ မိသားစုလည်းရှိတယ်။ ဒီက ရှေ့ဆို တောင်သူ လုပ်ငန်းပါးတော့ ဝါးထရံရက်လုပ်တဲ့လုပ်ငန်းကိုပဲ ကျေးရွာနှစ်ရွာလုံး ဖောက်ချလုပ်ကိုင်ကြမှာဖြစ်ပါတယ်" ဟု ပန်းသွင်းကျေးရွာမှ ဝါးထရံလုပ်ငန်းရှင် ဦးဝင်းအောင်က ပြောသည်။

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အင်းအုံးကျေးရွာနှင့် ပန်းသွင်းကျေးရွာမှထွက်ရှိသည့် ဝါးထရံများကို မိတ္ထီလာမြို့ပေါ်ရှိ ဝါးထရံအရောင်းဆိုင်များတွင် သာမက ကျောက်ဆည်၊ မန္တလေးဒေသများအထိ ဝါးထရံ ငါးတောင် တစ်ချပ် ကျပ် ၆၀၀၀၊ လေးတောင် တစ်ချပ် ကျပ် ၅၀၀၀ နှုန်းဖြင့် တင်ပို့ရောင်းချရကြောင်းသိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# သာယာဝတီ၌ကလေးစာဖတ်ဝိုင်း ကျင်းပ

**သာယာဝတီ နိုဝင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ်အတွင်း၌ ကလေးသူငယ်များ စာဖတ်သည့်အလေ့အထကောင်းများရှိစေရန်နှင့် အသိပညာဗဟုသုတများ တိုးပွားစေရန်ရည်ရွယ်၍ ကလေးစာဖတ်ဝိုင်းကို သာယာဝတီမြို့နယ် ဈေးပိုင်းရပ်ကွက် ရန်ကုန်-ပြည်ကားလမ်း ကားဂိတ်အနီးရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ပြည်သူ့စာကြည့်တိုက်၌ နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီကကျင်းပခဲ့သည်။

အဆိုပါစာဖတ်ဝိုင်းကို စာကြည့်တိုက်မှူး ဒေါ်နွယ်ဦးခင်နှင့်ဝန်ထမ်းများက ကလေးသူငယ်များအားပုံပြင်ပြောခြင်း၊ ဆော့ကစား ခြင်း၊ စာဖတ်ဝိုင်းပြုလုပ်ပေးခြင်းဖြစ်သည်။

**သန့်ဇော်(ပြန်/ဆက်)**

# တောင်ကြီးမြို့တန်ဆောင်တိုင်ပွဲတော်ကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၁၄**

၂၀၁၅ ခုနှစ် တောင်ကြီးမြို့ တန်ဆောင်တိုင်ကျင်းပရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေး ၃/၂၀၁၅ ကို နိုဝင်ဘာ ၁၂ ရက် နံနက် ၁၁ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

တန်ဆောင်တိုင်ပွဲတော် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးထွန်းက တောင်ကြီးမြို့တန်ဆောင်တိုင်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တတိယအကြိမ်အစည်းအဝေး ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ပွဲတော်ရက်မှာ နိုဝင်ဘာ ၁၈ရက်မှ ၂၇ ရက်အထိ ၁၀ ရက်ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပွဲတော်တစ်ရက်တိုးသည့်အတွက် ကော်မတီအသီးသီးမှ အသုံးစရိတ်များ ပြန်လည်တင်ပြရန် ဆွေးနွေးဆုံးဖြတ်ထားကြောင်း၊ ယခုတတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လုပ်ငန်းကော်မတီအသီးသီးမှ လုပ်ငန်းကဏ္ဍအလိုက်တင်ပြရန် ပြောကြားသွားခဲ့သည်။

ဆက်လက်၍ တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် ၂/၂၀၁၅ မှ ဆုံးဖြတ်ချက်များကို ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းအောင်မြတ်မှ ရှင်းလင်းဖတ်ကြားပြီး၊ တက်ရောက်လာကြသော လုပ်ငန်းကော်မတီ ၁၃ ခုမှ လုပ်ငန်းကဏ္ဍအလိုက် တင်ပြဆွေးနွေးကြသည်။

ထို့နောက် မီးပုံပျံပြိုင်ပွဲကျင်းပရေးကော်မတီက ညမီးကြီးမီးပုံပျံပြိုင်ပွဲတွင် ၈၄ လုံး၊ စိန်နားပန် ၃၇ လုံး၊ ခြေနှစ်ချောင်းအရုပ် ၁၃၈ လုံး၊ ခြေလေးချောင်းအရုပ် ၉၃ လုံး၊ အုပ်စု ၅၂ လုံး၊ ညလွှတ်မီးစုစုပေါင်း ၁၂၀ လုံး၊ နေ့လွှတ်အရုပ်စုစုပေါင်း ၂၈၃ လုံး၊ စုစုပေါင်း ၄၀၄ လုံးရှိကြောင်း ဆွေးနွေး ခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းဦးစီးအရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

❒

ဘိလပ်မြေအိတ်များလှူဒါန်းနိုင်

(Account No.0701210008223)






Golden Well
Management Consultants CO.,LTD

AN INVITATION TO DISCUSS YOUR CAREER
**Qualified / Priority Trainers ( Sales & Business Department )**
to be part of our expansion plan.
You must be :
- Age above 23 years old
- Graduates from local or overseas University
- Proficiency in English is necessary
- If can speak Mandarin will be added advantage

We offer :
- Good remuneration package ( allowance plus high commission )
- 5 Day working week
- Oversea training ( Singapore , London , Jakarta )
- Great career advancement

If you qualify the above requirements, kindly send your recent resume, to our HRD email :
[HYPERLINK "mailto: HRDeptm@goldenwellmc.com"]
Room 01-09, Union Business Center , Nat Mauk Road, Bo Cho Quarter , Bahan Township
Tel : 01- 8603470 , 09 25 75 99557 , 09 25 75 99556
( All applicants will be treated with the strictest confidence )

**Total Skin Repair ဆိုင်သစ်ဖွင့်လှစ်ခြင်း**

ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်၊ မျက်နှာအမာရွတ်၊ ချိုင့်ခွက်၊ အရေးအကြောင်းများ ပြုပြင်ရာဌာနမှ ရင်သားကြီးစေရန် ဖြည့်ပေးခြင်း၊ မျက်ရစ်ဖော်ပေးခြင်း (မခွဲစိတ်)၊ မျက်နှာတင်းရင်းစေရန် ကြိုးထိုးပေးခြင်း၊ အဆီချထိုးဆေးဖြင့် အဆီချပေးခြင်း၊ အသားဖြူဆေးသွင်းပေးခြင်းများကို ဝန်ဆောင်မှုပေးနေပါပြီ။

အခန်းအမှတ်(၉၀၄)၊ ၉ လွှာ၊ ဗန္ဓုလကွန်ဒို၊ (**Ocean** နှင့်ကပ်လျက်) မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ **Ph:09-798734478, 09-258304048**

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI သင်တန်းများ ခုံနံပါတ်ယူထားနိုင်ပြီ။
December - 19 (Saturday) စမည်။
LCCI
အနှစ်(၂၀)အတွေ့အကြုံကြောင့်
သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎-01-371741, 240824, 381350

**MAHAR BAWGA FINANCE**
**STAFF Recruitment**

| | |
|---|---|
| ကုမ္ပဏီအမည် | -မဟာဘောဂငွေရေးကြေးရေးကုမ္ပဏီ |
| လိပ်စာ | -၂၈၅၊ ဦးဝိဇယလမ်း၊ စမ်းချောင်းမြို့နယ် |
| ဖုန်းနံပါတ် | -၀၉-၂၅၆၅၄၄၅၅၇ |
| အလုပ်အကိုင် | -Operation Staff (system နားလည်သူ) |
| အလုပ်အချိန် | -၈း၃၀~၁၇း၃၀ (ထမင်းစားချိန်မိနစ်သုံးဆယ်) |
| အရည်အချင်း | -၂၅နှစ်အောက်တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရမည်။ |

(နည်းပညာတက္ကသိုလ်ဆင်း၊ Program သင်ကြားဖူးသူ)
အင်္ဂလိပ်စကားပြောတတ်ရမည်။
သင်ကြားပေးမည်ဖြစ်၍ အလုပ်အတွေ့အကြုံမလို
စိတ်ဝင်စားသူများ လမဟာဘောဂငွေရေးကြေးရေးကုမ္ပဏီအထိ ၁၈-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ဖုန်းဆက်ပေးပါရန်။

**ပိုင်ရှင်ကိုယ်တိုင်အခြမ်းရောင်းမည်။**

1. လှည်းကူးမြို့အနီး၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (G ဥယျာဉ်မြေကျပြီး) ရေ၊ မီး၊ စုံ၊ ခြံစည်းရိုးခတ်ပြီး၊ ကွန်ကရစ်လမ်းဘေး (40'x60') (80) သိန်း၊ (120) သိန်း
2. တစ်ထပ်တိုက်၊ (625 sqft) (180) သိန်း

Ph: 09-30281874, 09-450378377, 09-799716395

# တစ်လုံးထိုး ဒီဇယ်အင်ဂျင် ပြုပြင်ထိန်းသိမ်းနည်းသင်တန်း မုံရွာတွင် ဖွင့်လှစ်

**မုံရွာ နိုဝင်ဘာ ၁၄**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်ခုဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် အထောက်အကူဖြစ်စေရေး တစ်လုံးထိုး ဒီဇယ်အင်ဂျင်များ ကိုင်တွယ်ထိန်းသိမ်း ပြုပြင်နည်းသင်တန်းအား မုံရွာမြို့ အစိုးရနည်းပညာ အထက်တန်းကျောင်း၌နိုဝင်ဘာ ၂၃ ရက်တွင် ထပ်မံဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

"အဓိကလယ်ယာသုံးစက်ကိရိယာတွေ ကိုင်တွယ်မောင်းနှင်နေတဲ့ တောင်သူတွေကို ဦးစားပေး သင်ပေးမှာပါ။ စိတ်ဝင်စားတဲ့လူငယ်တွေလည်း တက်ရောက်နိုင်ပါတယ်။ လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကိုတော့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါတယ်၊

"အခြေခံပညာ အလယ်တန်းအောင်မြင်ပြီးသူတိုင်း တက်လို့ရတဲ့ ကွန်ပျူတာအခြေခံသင်တန်းကိုလည်း ဖွင့်လှစ်သင်ကြားမှာပါ။ ဒီသင်တန်းကနေ အမျိုးသားအဆင့် ကျွမ်းကျင်မှုစံနှုန်း အဆင့်(၂)ရှိတဲ့ သင်တန်းအောင်လက်မှတ်ကို ထုတ်ပေးသွားမှာပါ။ သက်မွေးပညာတစ်ခုအဖြစ် ရပ်တည်နိုင်အောင် သင်တန်းနှစ်ခုလုံးကို အခမဲ့သင်ကြားပေးမှာပါ"ဟု အစိုးနည်းပညာ အထက်တန်းကျောင်းမှ ခေတ္တကျောင်းအုပ်ကြီး ဦးထွန်းမြိုင်က ပြောသည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို နိုဝင်ဘာ ၂၃ ရက်မှ စတင်ပြီး ရက်သတ္တပတ်ခြောက်ပတ်ကြာ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိလည်းကောင်း၊ ကွန်ပျူတာ အခြေခံသင်တန်းအား နိုဝင်ဘာ ၂၃ ရက်မှ ရက်သတ္တပတ် လေးပတ်ကြာ တစ်ရက်လျှင် နှစ်နာရီကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ရာ တောင်သူလယ်သမားများနှင့် ပြုပြင်ခြင်းလုပ်ငန်းများကို စီးပွားရေးအရ လုပ်ကိုင်လိုသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# သိုးဈေးနှုန်းကျဆင်းသဖြင့် ရောင်းချသူနည်း ပြီးထပ်တိုးမွေးသူများပြား



**မုံရွာ နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ဖန်ခါးကျင်းကျေးရွာသည် မုံရွာ-ရေဦး ကားလမ်းမဘေးတွင် တည်ရှိပြီး စပါး၊ ဂျုံ၊ ကုလားပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ မတ်ပဲတို့အား စိုက်ပျိုးရေရရှိမှုနည်းပါးသဖြင့် အနည်းငယ်သာ စိုက်ပျိုးနိုင်ပြီး မွေးမြူရေးလုပ်ငန်းများအဖြစ်ဒေသနွား၊ သိုး၊ ဆိတ်၊ ဝက်တို့ကိုမွေးမြူကြရာ ယခုနှစ်တွင် ဆိတ်၊ သိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်သူများအနေဖြင့် မျိုးကောင်ဈေးနှင့် ကုန်သိုး (အသားဖော်ရောင်းတဲ့) ဈေးနှုန်းကျဆင်းခဲ့သဖြင့် ကုန်သိုးအဖြစ် ရောင်းချမှုနည်းပါးကာ ထပ်တိုးမွေးမြူသူ များပြားလျက်ရှိကြောင်း သိရသည်။

"သိုးဆိတ်မွေးမြူရေးလုပ်ငန်းက အစာဖိုးမကုန်ဘူး။ လိုက်ပြီးကျောင်းရတယ်။ ကိုယ်ကိုယ်တိုင်လိုက်ပြီး ကျောင်းရင်ကျောင်း၊ ဒါမှမဟုတ် ကျောင်းတဲ့သူငှားပြီး ကျောင်းလို့လဲရတယ်။ ဒီဒေသမှာက ဒေသမျိုးတွေဖြစ်တဲ့ သိုးပု၊ သိုးကုန်းနဲ့ သိုးကြီးမျိုးတွေကို မွေးကြတယ်။

"ဆိတ်မွေးတာကြတော့ နည်းနည်းပိုပြီး ဂရုစိုက် ရတဲ့အတွက် မွေးတဲ့တောင်သူနည်းတယ်။ သိုးကြတော့ ရာသီဥတုဒဏ်၊ ရောဂါဒဏ်ပိုပြီးခံနိုင်ရည်ရှိတယ်။

"သိုးကသားပေါက် ၁၅ ရက်လောက်ဆိုတောထဲကို လွှတ်လို့ရတယ်။ ဆိတ်ကြတော့ လွှတ်လို့မရသေးဘူး။ သိုးကိုမွေးရတာပိုပြီး အဆင်ပြေတယ်။ ဝဲရောဂါကင်းအောင် မိုးရာသီဆိုတစ်လကိုလေးကြိမ်၊ ဆောင်းရာသီဆိုတစ်လကိုနှစ်ကြိမ်၊ နွေရာသီဆို တစ်လကို ရှစ်ကြိမ်လောက် ရေချိုးပေးရတယ်။ သုံးလတစ်ကြိမ် ဝဲရောဂါကာကွယ်ဆေး (Bivermectin1%)ထိုး လိုက်ရင်ရပြီ။

"အခု အချိန်ကျတော့ သိုးဈေး (အသားဖော်ရောင်းတဲ့)က တစ်ပေါင်ကို ကျပ် ၇၅၀ ဈေးပဲရတယ်။ မန္တလေး၊ ကလေး၊ တမူး၊ ချင်းတွင်းအထက်ပိုင်းဒေသတွေက ကုန်သိုးအဝယ်နည်းတဲ့အတွက် ဈေးနှုန်းကျနေတယ်။ မွေးသိုးဈေးနှုန်းကတော့ တစ်ပေါင်ကို ငွေကျပ် ၉၀၀ ဈေးရှိတဲ့အတွက် အခုလောလောဆယ် အသစ်တိုးချဲ့ မွေးတဲ့သူပဲများတယ်။

